
စိတ်ကူးချိုချိုအနုပညာ

# ဗန်းမော်တင်အောင်

# ဝတ္ထုတိုပေါင်းချုပ်-၃



mgyoe.com



ဗန်းမော်တင်အောင်

ဝတ္ထုတိုပေါင်းချုပ်–၃

bmt0007

3300.00 Ks

mgyoe.com

mgyoe.com

စာရေးဆရာ နိုင်ငံရေးသမား ဝန်းမော်တင်အောင်၏
ဝတ္ထုတိုပေါင်းချုပ်နှင့် မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်တို့ကို
၂၀၁၁ ခုနှစ်တွင် စိတ်ကူးချိုချိုမှ ထုတ်ဝေနိုင်ခဲ့ပြီး
နှစ်အတော်ကြာ ရပ်တန့်ခဲ့ရာမှ ယခုအခါ ဝန်းမော်တင်အောင်စာစုစာရင်းနှင့်
တိုက်ဆိုင်ရှာဖွေလျက် ဝတ္ထုတိုပေါင်းချုပ်နှင့်မဂ္ဂဇင်းဝတ္ထုရှည်ပေါင်းချုပ်များကို
အမှတ်စဉ်ဖြင့် ဆက်တိုက်ထွက်ရှိနိုင်တော့မည်ဖြစ်ပါသည်။
ယခုစာအုပ်မှာ ဝတ္ထုတိုပေါင်းချုပ် အမှတ် ၃ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


၁။ ခေါင်းလောင်းထိုးသံ ၁

၂။ စာရေးဆရာ ၉

၃။ အမေ ၂၂

၄။ ပျူစောထီးနှင့် ငှက်ကြီး ၃၁

၅။ နောက်ပိတ်ခွေး ၄၂

၆။ မှောင်ထဲကလူ ၅၉

၇။ ဖြူရိုကရက် ၈၃

၈။ မြှုးမိနေရှာသော ငါးများအကြောင်း သို့မဟုတ် စာရေးဆရာနှင့် လွတ်လပ်ခွင့် ၉၁

၉။ ထားခင်ခင် ၁၀၈

၁၀။ မိမိခင် ၁၃၀

၁၁။ ပြည်တော်သာ ခင်ခင်ဦး ၁၄၇

၁၂။ နင်းပြား ၁၅၈

၁၃။ မြသီတာဦး ၁၈၅

၁၄။ ပုဂံ၏ ဝတ္ထုဟောင်း ၂၀၄

၁၅။ ရက်စက်ပါပေ့ကွယ် ၂၁၀

၁၆။ ပြည်တော်သာကျွန်းစစ်ပွဲ ၂၃၁


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | ပြည်သူ့အာဏာ | ၂၄၂ |
| ၁၈။ | ဘခက် | ၂၅၁ |
| ၁၉။ | ဆိုရှယ်လစ်သမ္မတနိုင်ငံတော်မှ ရှင်ဘုရင်တစ်ပါး | ၂၅၅ |
| ၂၀။ | ကယ်တော်မူပါ | ၂၆၄ |
| ၂၁။ | တံလျှပ် ရေထင်လို့ | ၂၇၂ |
| ၂၂။ | မိုးလိုက်လို့ရွာ | ၂၇၉ |


■

mgyoe.com

mgyoe.com

## ခေါင်းလောင်းထိုးသံ

[ ၁ ]

ကောင်းကင်ပြင်တစ်ခုလုံးသည် ညို့ညို့မှိုင်းမှိုင်းနေ၏။

မြေကြီးမှ တရိပ်ရိပ် တလွင့်လွင့်နှင့် တက်နေသော မီးခိုးများသည် မြေကြီးနှင့်ဝေး၍ ကောင်းကင်ပြင်သို့ တက်လာသည်နှင့်အမျှ ပျံ့နှံ့ကာ လွင့်ပါးနေကြပါ၏။ အာကာသက လေဆောင်သဖြင့် မီးခိုးမှိုင်းများသည် ကောင်းကင်ပြင်တစ်ခုလုံးတွင် ပျံ့နှံ့လှုပ်ရှားကာ ညို့ညို့မှိုင်းနေစေသည်။

ပြာသောကောင်းကင်သည် မရှိတော့။ အဘယ်စကြာဝဠာသို့ ထွက်ပြေးပုန်းအောင်းနေပါပြီလဲ။ ပြာသောကောင်းကင်ပြင်သည်ကား မရှိတော့။ ဆိတ်သုဉ်းလေပြီ။

မြေကြီးပြင်မှတက်လာသော မီးခိုးမှိုင်းများသည် ကောင်းကင်မှာ ပျံ့လွင့်နေ၏။ ရှိနေ၏။

မငြိမ်းသာက သူမ ပင်ပန်းခြင်းကြီးစွာနှင့် ရပ်၍နေရာသော မြေကြီးပေါ်မှ တသကြေကွဲခြင်းဖြင့် ကောင်းကင်ကို လွမ်းဆွတ်စွာ မော်၍ ကြည့်နေသည်။ စိတ်၏ ချမ်းမြေ့ကြည်နူးခြင်းကို ပေးတတ်သော ကောင်းကင်ပြာပြာကို ကြည့်ချင်မြင်ချင်၍နှင့် တူပါ၏။ ပြီးတော့ တစ်ယောက်တည်း။

ပြာသောကောင်းကင်သည်ကား မရှိတော့...
ကောင်းကင်ပြင်တစ်ခုလုံးသည် ညို့ညို့မှိုင်းနေ၏။

mgyoe.com

mgyoe.com

သူမ ပင်ပန်းကြီးစွာ တစ်ယောက်တည်း ရပ်နေရသော မြေကြီးပြင်မှ တရိပ်ရိပ် တလွင့်လွင့်နှင့်တက်နေသော မီးခိုးမှိုင်းများသည်သာ ကောင်းကင်ပြင်မှာ ပျံ့လွင့်နေ၏။ ရှိနေ၏။

သို့ရာတွင် မငြိမ်းသာက မျှော်လင့်ခြင်း ကြီးမားစွာဖြင့် ကောင်းကင်ပြင်ကို မော့ကြည့်နေတုန်းပင် ဖြစ်ပါ၏။ ပြာသောကောင်းကင်ကို မတွေ့ရသဖြင့် ဝမ်းနည်းတသ မိလာသလားကား မပြောတတ်။ ပုလဲဥလို မျက်ရည်ပေါက်များက မျက်လုံးအိမ်မှ ပါးပြင်ပေါ်သို့ တစ်ပေါက်ပြီးတစ်ပေါက် စီးဆင်းကျလာနေပါ၏။

ကောင်းကင်ပြင်ကား ညို့ညို့မှိုင်း၍သာနေပါ၏။

[ ၂ ]

မြေကြီးတစ်ပြင်လုံးသည် နီနေ၏။

လူ့သွေးများ...သွေးများ...လူ့သွေးများဖြင့် ချောင်းစီးကာ ခြင်းခြင်းနီနေပါ၏။ မြေကြီးတစ်ပြင်လုံးမှာ ရဲရဲနီနေပါ၏။ သွေးများ... လူ့သွေးများ...

မငြိမ်းသာက ပြာသောကောင်းကင်ပြင်ကို တသခြင်းအား ဆုံးရှုံးစွန့်လွှတ်ရသောအခါ၌ မျက်ရည်ကြီးငယ်ဖြင့် သူမ အနိုင်နိုင် အားခဲကာ ရပ်နေရသော မြေကြီးပြင်ကို ဝမ်းနည်းပက်လက် ငုံ့၍ကြည့်မိပြန်သည်။

ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ သမုဒ္ဒရာ၊ အင်းအိုင်၊ လူနေအိမ်ခြေများဖြင့် တစ်ခါက အင်မတန် သာယာစိုပြည်ခဲ့သော မြေကြီးကကော ဘယ်မှာလဲကွယ်။

ကောင်းကင်၌ ဆုံးရှုံးရခြင်းကို သက်သာစေအံ့အလို့ငှာ မြေကြီးကိုငုံ့၍ ကြည့်မိပြန်သောအခါ၌လည်း မငြိမ်းသာတစ်ယောက်အတွက်မှာမူ ဘယ်မှာများလည်း သက်သာခြင်းရယ်...

မြေကြီးသည် ခြောက်သွေ့ကာ အက်ကွဲနေပါ၏။ မီးလောင်မြေ...

သစ်ပင်၊ ပန်းပင်တို့သည်လည်း မည်းနက်သော ငုတ်တိုများဖြင့်သာ ကျန်ရစ်၏။

mgyoe.com

mgyoe.com


မြို့ရွာတိုက်ဟာ အိမ်ခြေများအားလုံးသည် လဲပြိုကွဲကာ ပြာပုံအတိသာ ရှိပါ၏။

ဘယ်မှာလဲ သက်သာခြင်းရယ်...မငြိမ်းသာက သက်သာခြင်းကို မြည်တမ်းနေသည်။ ဤမြေကြီးပြင်ပေါ်မှာ တစ်ယောက်တည်း အသက်ရှင်ကျန်ရစ်တော့သော သတ္တဝါတစ်ကောင်လို သက်သာခြင်းကို ရှာနေပါ၏။ "ဘယ်မှာလဲ" သက်သာခြင်းရယ်...

သက်သာခြင်းကိုကား မတွေ့ရ၊ သက်သာခြင်းသည်လည်း ကောင်းကင်နှင့် မြေကြီးလို ဆိတ်သုဉ်း၍များ သွားနေလေပြီလော။ မငြိမ်းသာက စိုးရွံ့စွာဖြင့် သက်သာခြင်းကို ရှာနေ၏။ သက်သာခြင်းကိုကား မတွေ့ရ။

မီးလောင်ထားသော မြေကြီးပြင်၏ တိုက်ပြိုတိုက်ပျက်များ၊ လမ်းကြိုလမ်းကြားများမှ သွေးများ၊ သွေးများသည် ခြင်းခြင်းနီ စီးဆင်း၍ ထွက်နေပါ၏။ ဤသွေးများသည် ကောင်းကင်ပြင်တစ်ခုလုံးအား မီးခိုးမှိုင်းများက ဖုံးလွှမ်းသွားသလို မြေကြီးတစ်ပြင်လုံးလည်း ဖုံးလွှမ်းသွားလိမ့်ဦးမည်လော။

မငြိမ်းသာက ကောင်းကင်ကို မျှော်လင့်စွာ မော့ကြည့်ခဲ့ပါ၏။

ကောင်းကင်၌ မျှော်လင့်ခြင်းကို မတွေ့ရသောအခါ စိတ်ပျက်ဝမ်းနည်းခြင်းများဖြင့် သူမ ရပ်နေသော မြေကြီးကို ငုံ့၍ကြည့်မိပြန်ပါ၏။

လူ့သွေးများ...သွေးများ၊ လူ့သွေးများဖြင့် ချောင်းစီးကာ ခြင်းခြင်းနီနေပါ၏။ မြေကြီးတစ်ပြင်လုံးမှာ ရဲရဲနီနေပါ၏။ သွေးများ... လူ့သွေးများ...

မြေကြီးတစ်ပြင်လုံးကား နီနေ၏။

## [ ၃ ]

ကောင်းကင်ပြင် တစ်ခုလုံးသည် ညို့ညို့မှိုင်းနေ၏။

မြေကြီးတစ်ပြင်လုံးသည် နီနေ၏။

ဤကောင်းကင်နှင့် မြေကြီး၏အကြားမှာ မငြိမ်းသာတစ်ယောက်က သက်သာခြင်းကို ရှာဖွေနေပါ၏။ ပြာနေသော ကောင်းကင်ကိုလည်း ရှာ၏။ စိမ်းလန်းစိုပြည်၍ သာယာခဲ့သော ရေ၊ မြေ၊ တော၊ တောင်နှင့်

mgyoe.com

mgyoe.com

လူနေအိမ်ခြေကိုလည်း ရှာခဲ့၏။ ထိုသက်သာခြင်းများကိုကား တစ်ခုမျှ မတွေ့ခဲ့ရ၊ ဘယ်ရောက်သွားကြပြီလဲကွယ်။

မြေကြီးပြင်မှ ဟုန်းဟုန်းတောက် လောင်ကျွမ်းခဲ့သောမီး၏ မီးခိုးများက ပြာသော ကောင်းကင်ပြင်တစ်ခုလုံးဆီသို့ တရိပ်ရိပ်တက်ကာ ညို့ညို့မှိုင်းနေစေပါ၏။

မြေကြီးကို သာယာစိုပြည်စေခဲ့သော လူများနှင့် သူတို့၏ အစုအဝေးကို စစ်ဆိုသော သတ္တဝါကြီးက ဖောက်ခွဲဖြိုဖျက်ကာ လောင်တိုက်သွင်းသွားခဲ့သည်မှာ ဘယ်လောက်များ ကြာခဲ့သေးလို့ပါလဲ။

မငြိမ်းသာက ထိုစစ်ဆိုသော ကြမ်းတမ်း ရက်စက်လှသည့် သတ္တဝါကြီးကို မျက်ဝါးဝါးထင်ထင် တွေ့မြင်လိုက်ခဲ့ရ၍ ထိုသတ္တဝါကြီး၏ လက်ချက်ဖြင့်ပင် ဘယ်လောက်များ အသည်းနာဖွယ်ရာများကို ဆက်ကာဆက်ကာ အလူးအလဲ ခံခဲ့ရပါပြီလဲ။

မြေကြီးတစ်ပြင်လုံးသည် သွေးများ၊ လူ့သွေးများဖြင့် ခြင်းခြင်းနီနေပါ၏။ လူပေါင်း ဘယ်လောက်တောင် ဖမ်းစားသတ်ဖြတ်ခြင်းခံခဲ့ရ၍ ဤသွေးများက မြေကြီးတစ်ပြင်လုံး ဖုံးလွှမ်းလုမတတ် စီးထွက်နေရပါသလဲ။

မငြိမ်းသာ သိသောစာရင်းတွင် လူလေးယောက်ပါရှိ၏။

မငြိမ်းသာက ဘုရင်ဂျီဘာသာဝင် မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်သော်လည်း သူမယောကျ်ား ကိုသက်ရှည်က ဗုဒ္ဓဘာသာ မြန်မာ လူမျိုးဖြစ်သည်။ မငြိမ်းသာနှင့် ကိုသက်ရှည်တို့ လင်မယားနှစ်ယောက် တွင် သားသမီးသုံးယောက် ရှိပါ၏။ သားအကြီး မောင်ဘခင်က ကွန်မြူနစ်လူငယ်တစ်ဦးဖြစ်၍ သမီးအလတ် ကြေးယုံက သူနာပြုဆရာမ ဖြစ်လေသည်။ သားအထွေးဆုံး မောင်မြမောင်က ကျောင်းသား ဖြစ်သည်။

မငြိမ်းသာရဲ့ယောကျ်ား ကိုသက်ရှည်က ဂျပန်ဗုံးကြဲစဉ်က ဗုံးဆန်မှန်၍ သေဆုံးသွားကာ သားအငယ်ဆုံး မောင်မြမောင်က အင်္ဂလိပ်နှင့် ဂျပန်တိုက်ပွဲဖြစ်ပွားသဖြင့် ကျည်ဆန်မှန်ကာ သေဆုံးသွားခဲ့ရပြန်သည်။ သားအကြီး မောင်ဘခင်ကို ဂျပန်ကင်ပေတိုင်များက အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်၍ ဘယ်အရပ်မှာ သစ်ပစ်လိုက်သည်ကိုကား မသိခဲ့ရ။ သမီး မကြေးယုံက
mgyoe.com

mgyoe.com


အင်္ဂလိပ်တပ်များနှင့် အိန္ဒိယသို့ လိုက်ပါသွားစဉ်က ဂျပန်လေယာဉ်က ပစ်ခတ်သော စက်သေနတ်ကျည်ဆန် ထိမှန်၍ သေဆုံးသွားခဲ့ရ၏။

မငြိမ်းသာ သိသောစာရင်းတွင် စစ်ဆိုသော သတ္တဝါကောင်ကြီး၏ လက်ချက်ဖြင့် လူလေးယောက် သေဆုံးသွားခဲ့ရပြီ ဖြစ်ပါ၏။ သည့်အပြင် သူလို ဆုံးရှုံးခြင်းခံရသော ဇနီးသည်ပေါင်း၊ မိခင်ပေါင်း အဘယ်မျှ ရှိနေလိမ့်ဦးမည်နည်း။

ယခုမူ မငြိမ်းသာသည် လင်သည်ဆုံးရှုံးခြင်း ခံခဲ့ရသော ဇနီးသည်အဖြစ်နှင့် လည်းကောင်း၊ သားသမီးသုံးယောက် ဆုံးရှုံးခဲ့ရသော မိခင်အဖြစ်နှင့် လည်းကောင်း တစ်ယောက်တည်းသော မုဆိုးမ မိခင်အဖြစ် ဤမြေကြီးနှင့် ကောင်းကင်၏အကြားမှာ ရပ်နေပါ၏။

ပြာသောကောင်းကင်ကလည်း မရှိတော့...

စိမ်းလန်းသော၊ သာယာသော ဤမြေကြီးပြင်၌လည်း မီးလောင်မြေနှင့် အပြိုအပျက်များအကြားမှ သွေးများ...လူ့အသွေးများ...

ကောင်းကင်သည် ညို့ညို့မှိုင်းနေ၏။

မြေကြီးကား ရဲရဲနီသော သွေးများဖြင့် ဖုံးလွှမ်းပေကျံနေပါ၏။

## [ ၄ ]

သွေးများ... လူ့သွေးများဖြင့် ခြင်းခြင်းနီနေသော မြေကြီးနှင့် ညို့ညို့မှိုင်းနေသော ကောင်းကင်၏အကြားမှာ မငြိမ်းသာက တစ်ယောက်တည်း ပင်ပန်းကြီးစွာဖြင့် ရပ်နေရပေသည်။

မိုးနှင့်မြေ၏ ပတ်ဝန်းကျင်မှာ သာယာခြင်း ဘာတစ်ခုမျှမရှိ။ ကြောက်မက်ဖွယ်ရာများဖြင့်သာ ဖုံးလွှမ်းခြိမ်းခြောက်လျက် ရှိနေပါ၏။

မငြိမ်းသာသည် ပင်ပန်းလျက် ရှိ၏။ ကြောက်ရွံ့လျက်ရှိ၏။ ဒါမျှ မကသေး ဝမ်းနည်း၍ ယူကျုံးမရလည်း ဖြစ်နေပါ၏။

လင်နှင့်တကွ သားသမီး သုံးယောက်စလုံးကို စစ်ဆိုသော သတ္တဝါကြီးက သူမ၏ နှလုံးသည်းပွတ်များအကြားမှ ရက်ရက်စက်စက် ဆွဲဆုတ်၍ ယူသွားခြင်းကို နာကျင်ခြင်းကြီးစွာဖြင့် ခံလာခဲ့ရပြီးသည့်နောက် သူမ၏

mgyoe.com

mgyoe.com


နေအိမ်နှင့် လူ့တစ်လောကလုံးကို သွေးများ…သွေးများဖြင့် ရဲရဲနီပေကျံစေကာ ဖုံးလွှမ်းသွားစေခဲ့ပြီ ဖြစ်ပါ၏။ အပြိုအပျက်နှင့် မီးလောင်မြေကိုသာ ကျန်ရစ်ခဲ့စေပါ၏။

ယခုမူ မငြိမ်းသာသည် မုဆိုးမ ဖြစ်ပါ၏။ သားသမီးများနှင့်တကွ အိုးခြေအိမ်ခြေများ အားလုံးကိုလည်း ဆုံးခဲ့ရပြီးဖြစ်၍ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ရပါ၏။

သူမ၏ လူ့တစ်လောကလုံးသည် ဟင်းလင်းပွင့်၍ လွင်တီးခေါင်ပမာ ဗလာကျင်းနေ၏။

သာယာစရာမရှိ၊ ပျော်မွေ့စရာမရှိ အဆိုးဆုံးတစ်ခုက မျှော်လင့်ခြင်း မရှိတော့ခြင်း ဖြစ်ပါ၏။

တစ်ယောက်တည်း မြေကြီးပေါ်မှာ လင်သေ၊ သားသမီးများဆုံးရှုံး၍ အသက်ရှင်နေရခြင်း၌ မည်သို့များ အနက်အဓိပ္ပာယ် ရှိနိုင်ပါဦးမည်နည်း။ တကယ်သာဆိုတော့ ဤအဓိပ္ပာယ် မရှိခြင်းမှာ မငြိမ်းသာတစ်ယောက်မျှသာ မဟုတ်။ စစ်ကြောင့် မုဆိုးမတွေ ဘယ်လောက်များရှိနေပါပြီလဲ။ စစ်ကြောင့် သားဆုံးရသော မိခင်တွေ ဘယ်လောက်များ ရှိနေပါပြီလဲ။

စစ်…စစ်…စစ်…

စစ်သည် လူ့လောကသို့ မရောက်လာမီပင် မိခင်တို့သည် ငိုရ၏။ မယားတို့သည် ငိုရ၏။ သားသမီးတို့သည်လည်း ငိုရ၏။

စစ်ရောက်လာသော ကာလ၌ မိခင်နှင့်တကွ သားသမီးများအားလုံးပါ အတူတူ ရော၍ငိုရ၏။

စစ်ပြီးသွားသော အခါ၌ကား…

မငြိမ်းသာသည် မငိုနိုင်တော့။ ငိုပါဦးလား မငြိမ်းသာရယ်…

ငိုဖန်များ၍ မျက်ရည်ကို ကုန်နေပါပြီလော။ ငိုရဖန်များ၍ ငိုရခြင်းကို ကြောက်ရွံ့နေပါပြီလား မသိ။

ငိုလေ…မငြိမ်းသာ၊ ငိုလေ…

မငြိမ်းသာက မငိုနိုင်တော့…

mgyoe.com

mgyoe.com


[ ၅ ]

ကောင်းကင်သည် ညို့ညို့မှိုင်းနေတုန်းပင် ဖြစ်ပါ၏။

မြေကြီးသည်လည်း သွေးများ...လူ့သွေးများဖြင့် ရဲရဲနီနေတုန်းပင် ဖြစ်ပါ၏။

မငြိမ်းသာက သက်သာရာလမ်းကို ရှာဖွေမတွေ့ဘဲ တစ်ယောက်တည်း ပင်ပန်းစွာနှင့် ရပ်နေရစဉ် မကြာမီကလေးကမှ မိုးကုတ်စက်ဝိုင်းဘက်ဆီသို့ ဝင်ရောက်ပြေးသွားသော စစ်ဆိုသည့် သတ္တဝါကြီးက မိုးကုတ်စက်ဝိုင်းဆီမှပင် ပြန်၍ လှုပ်လှုပ်ရွရွနှင့် လုပ်၍နေပြန်ပါကော...

မငြိမ်းသာက ကြောက်ရွံ့စွာ ရပ်နေရာမှ လက်တစ်ဖက်တွင် အဏုမြူနှင့် ဟိုက်ဒရိုဂျင် ဗုံးကြီးများကိုကိုင်ကာ နောက်တစ်ဖန် ထပ်၍ ပြန်ပြေးလာဦးမည့်သဏ္ဌာန်ဖြင့် လှုပ်လှုပ်ရွရွလုပ်နေသော သတ္တဝါကြီးကို ရုတ်တရက် မြင်လိုက်ရသောအခါ၌ ငယ်သံပါအောင် တအားကုန်အော်၍ သတိလစ်ကာ ပြေးမိပြေးရာသို့ စွတ်ရွတ်၍ ပြေးလေ၏။

မငြိမ်းသာတစ်ယောက် စိတ်များနောက်သွားရှာလေပြီလား မသိနိုင်ပါ။ ဟုတ်မည်တော့ မထင်ပါ။ ခများ ကြောက်ရှာ၍သာ ဖြစ်ဟန်တူပါ၏။

သည်လို ပြေးမိပြေးရာပြေးရင်း မိုးကုတ်စက်ဝိုင်းဆီမှ သူ ရောက်လာမည့်အရေးကို မြူးထူးဟစ်အော် ခြိမ်းခြောက်လိုက်သော စစ်သတ္တဝါကြီး၏ အမင်္ဂလာသံကြီးကို နားကွဲလုမတတ် ကြားလိုက်ရသောအခါ၌ ပြေးမိပြေးရာ စွတ်ရွတ်၍ ပြေးနေရာက သူမနှင့် မလှမ်းမကမ်း တောင်ကုန်းသာကလေးပေါ်တွင် တည်ဆောက်ထားသော ကက်သလစ်ဘုရားရှိခိုးကျောင်းကလေးအတွင်းသို့ မငြိမ်းသာသည် သွေးအလန့်လန့် အထိတ်ထိတ်နှင့် ပြေးဝင်၍သွားမိပါ၏။

"အနုမြူဗုံးနှင့် ကြဲမည်"

ဘာသံကြီးပါလိမ့်မလဲ၊ ကြောက်မက်ဖွယ်ရာ အမင်္ဂလာအသံကြီး။

ဟိုက်ဒရိုဂျင်ဗုံးနှင့် ကြဲချင်ကြဲမည်။

မငြိမ်းသာက နားကို ပိတ်လိုက်၏။ နောက် ဘုရားရှိခိုးကျောင်း
mgyoe.com

mgyoe.com


ထဲသို့ အရူးမတစ်ယောက်လို ပြေးဝင်သွားကာ သူမ ယုံကြည်ကိုးကွယ်သော ဘုရားရဲ့ရှေ့တော်မှောက်တွင် ကြောက်ရွံ့စွာ ဒူးထောက်ကာ မျက်လုံးမှိတ်ထားလိုက်ပါ၏။

သည်အချိန်၌ မငြိမ်းသာလို လင်သေ၊ သားဆုံးခဲ့ရရှာသော ကမ္ဘာ့အရပ်ရပ် အပြည်ပြည်မှ မုဆိုးမနှင့် မိခင်များသည် မိုးကုတ်စက်ဝိုင်းဆီတွင် တလူပ်လူပ် တရွရွနှင့် ခြိမ်းခြောက်နေသော စစ်သတ္တဝါကြီးအား တားဆီး၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံကြီး၌ ငြိမ်းချမ်းရေးခေါင်းလောင်းများ တညီတညွတ်တည်း ထိုးနေကြသည်ကို ကျေးဇူးပြု၍ နားထောင်လိုက်စမ်းပါဦးလား မငြိမ်းသာရယ်...။ ။

●

mgyoe.com

mgyoe.com

# စာရေးဆရာ

## [ ၁ ]

ည...

တစ်ချက်ပင်တီးခဲ့ပေပြီ။

အခန်းကလေးအတွင်းမှာ တိတ်ဆိတ်လျက်ရှိ၏။ စားပွဲတင်နာရီ၏ စက်သံမှလွဲ၍ ဘာသံကိုမျှ မကြားရဘဲ အခန်းကလေးအတွင်းမှာကား တိတ်ဆိတ်လျက်ပင် ရှိပါ၏။

စာရေးစားပွဲတွင် ထွန်းညှိထားသော ဖယောင်းတိုင်မီးသည် အခန်းကလေးအတွင်းဝယ် ခပ်မှိန်မှိန်လင်းနေ၏။ စာရေးစားပွဲပေါ်တွင်ကား စာအုပ်နှင့် စာရွက်စာတမ်းများဖြင့် ရှုပ်ပွနေသည်။

စာရေးဆရာ ကိုဘဆွေသည် လက်ထဲတွင် ဖောင်တိန်ကို ကိုင်ကာ သူ့ရှေ့တွင် ရှုပ်ပွနေသော စားရေးစားပွဲကိုကြည့်ရင်း ငိုင်နေလေသည်။ သူသည် သူ ရေးရမည့် ဝတ္ထုတစ်ပုဒ်အတွက် စဉ်းစားရင်း ဝန်လေးပင်ပန်းနေပုံပင် ထင်ရပါ၏။ ည ၁၂ နာရီ ရုပ်ရှင်ပွဲကို ကြည့်ခဲ့ပြီးနောက် သူ ငှားနေသော အခန်းကလေးသို့ ပြန်ရောက်သောအခါ အဝတ်အစားလဲ၊ မျက်နှာသစ်ပြီးနောက် ဤစာရေးစားပွဲတွင် ၁၂ နာရီခွဲမှစ၍ ဝတ္ထုတစ်ပုဒ်ရေးရန် ကြိုးစားထိုင်နေခဲ့လေသည်။ ယနေ့ည ဝတ္ထုတစ်ပုဒ်ကို သူက ရေးရပေမည်။ မရေး၍မဖြစ်၊ များစွာ အားနာစရာကောင်းလိမ့်မည်။ နောက်ပြီး

mgyoe.com

mgyoe.com


အချိန်မီ ရေးပေးမှဖြစ်ပေမည်။ ထို့ကြောင့် ယနေ့ညဝတ္ထုကို တစ်ပုဒ်ကို သူက ရေးရမည်။

ယခုမူ ဝတ္ထုတစ်ပုဒ်အတွက် စားပွဲတွင် ထိုင်နေရသည်မှာ နာရီဝက်ပင် ကျော်လွန်လာခဲ့လေပြီ။ သူက ဘာကစ၍ ဘာကိုရေးကာ ဘာကို အဆုံးသတ်ရမှန်း စဉ်းစား၍မရ စိတ်ကူး၍မရ။

ခက်ကပြီ၊ သူက ခေါင်းကို ကုတ်လိုက်မိပါ၏။

သူသည် နာမည်ကျော်ကြား ထင်ရှားနေသော စာရေးဆရာ တစ်ယောက်ဖြစ်ပါ၏။ နေ့စဉ် သတင်းစာကြီးများနှင့် ဝတ္ထုတိုက်ကြီးများ တွင် လည်းကောင်း၊ အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းတိုက်များတွင်လည်း ကောင်း သူ၏ ဝတ္ထုများကို ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးလေသည်။ ဝတ္ထုတစ်ပုဒ် ကို ရေးရန် များစွာ မခက်ခဲလှ။ သူ၏အတွေ့အကြုံများမှ အကြောင်း အရာတစ်ခုခုကို ဝတ္ထုရေးရန် လွယ်ကူခဲ့ပေသည်။ သို့ရာတွင် ယခုည အတွက် သူ ရေးရမည့်ဝတ္ထုကို သူက စရမှာပင် ခက်ခဲခြင်း တွေ့နေရပါ၏။

သူသည် မဂ္ဂဇင်းတိုက်တစ်တိုက်မှ နေ့ခင်းက ပေးလိုက်သော စာ ကို စားပွဲပေါ်မှ ပြန်၍ လှမ်းယူကာ ဖတ်နေမိပြန်ပါ၏။

ဆရာ ဦးဘဆွေခင်ဗျား…

ဆရာ၏ ဝတ္ထုများကို ကျွန်တော်တို့ မဂ္ဂဇင်း စတင်ထွက်လာကတည်းက မကြာခဏဆိုသလို ဆရာ က ချီးမြှင့်၍ ထည့်သွင်းဖော်ပြ နိုင်ခဲ့သဖြင့် ဂုဏ်ယူမိ ကာ ဆရာ့အားလည်း အစဉ်သဖြင့် ကျေးဇူးတင်ရှိနေခဲ့ ကြပါသည်။

ယခု ကျွန်တော်တို့ မဂ္ဂဇင်း၏ သုံးနှစ်မြောက် အထူးထုတ်မဂ္ဂဇင်း စပါယ်ရှယ်နံပတ်အတွက် ဆရာ့ထံ မှ ဝတ္ထုတစ်ပုဒ်ကို လေးစားစွာဖြင့် တောင်းပန်ရပါသည်။ ဆရာကလည်း သက်ညှာလိုက်လျောစွာ ရေးသား ချီးမြှင့်လိမ့်မည်ဟု အားထားယုံကြည်မိပါသည်။

mgyoe.com

mgyoe.com

အထူးတောင်းပန်လိုသော အကြောင်းကိစ္စ တစ်ရပ်မှာကား ဆရာ၏ ဝတ္ထုများကို ကျွန်တော်များ မဂ္ဂဇင်းအား အားပေးဖတ်ရှုကြသော ပရိသတ်များက အလွန်တရာ နှစ်ခြိုက်တောင့်တကြသော်လည်း ဆရာ၏ဝတ္ထုများ အားလုံးလိုလိုပင် ပြီးဆုံးသောအချိန်၌ အလွမ်း၊ အဆွေးများနှင့်သာ အဆုံးသတ်ခဲ့သည် ဖြစ်သောကြောင့် မဂ္ဂဇင်းဖတ် ပရိသတ်များက ဆရာ့အား ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်သော ဝတ္ထုများကို ရေးပေးပါရန် တိုက်တွန်းခိုင်းသော စာပေါင်း မြောက်မြားစွာကို ရရှိခဲ့ပါသည်။ ကျွန်တော်တို့က ဆရာ့ကို ရိုသေပါသည်။ သို့ရာတွင် ဤကဲ့သို့ ပရိသတ်များက တောင့်တသော ဝတ္ထုမျိုးကို ဆရာ တစ်ခါမှ မရေးခဲ့ဖူးသော်လည်း ကျွန်တော်တို့၏ သုံးနှစ်မြောက် အထူးထုတ်မဂ္ဂဇင်းတွင် ဆက်ဆက်ကြိုးစား၍ ရေးပေးဖို့ရန်ကိုကား လေးစားစွာ တောင်းပန်အပ်သတည်း။

အုပ်ချုပ်ရေးအဖွဲ့
ဆန်းသစ်ဦးမဂ္ဂဇင်း
ရန်ကုန်မြို့

ကိုဘဆွေက လက်ထဲမှစာကို ပြန်၍ စားပွဲပေါ်သို့ တင်ထားလိုက်ပြီးနောက် သက်ပြင်းကို ချနေမိလေသည်။

"ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်သောဝတ္ထုများ" သူက ဤစကားလုံးကလေးများကို တီးတိုးရေရွတ်နေမိပါ၏။ ဤကဲ့သို့သာ ဖတ်ချင်ကြရှာသော ပရိသတ်နှင့် ရေးဖို့ရန် တိုက်တွန်းနေသော မဂ္ဂဇင်းများကို သူက ဘယ်လိုများ ကြံဖန်၍ ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်သော ဝတ္ထုကို ရေးရပါမည်လဲ။

ခက်ကပြီ၊ သူက ခေါင်းကို ကုတ်လိုက်မိပြန်၏။

mgyoe.com

mgyoe.com

စာရေးဆရာဆိုသည်ကား သူသိ၍ သူမြင်သော သူ့ပတ်ဝန်းကျင်မှ အကြောင်းအရာများကိုသာ သူ သိမြင်သည့်အတိုင်း ရေးသားဖော်ပြရခြင်းပင် မဟုတ်ပါသလော။ သူ မသိမမြင်သော အကြောင်းအရာကို စိတ်ကူးနှင့် လျှောက်၍သာ ရေးနေရမည်ဆိုလျှင် သူ ရေးသောစာသည် ဟုတ်နိုင်ပါဦးမည်လား။

သူက သူမှန်ကန်သည်ဟု ယုံကြည်သော အကြောင်းအရာဘက်မှသာ ရေးတတ်သော စာရေးဆရာ ဖြစ်ပါ၏။ ဝမ်းနည်းစရာကို သူက ဝမ်းနည်းလိုက်မည်ဖြစ်၍ ဝမ်းမြောက်စရာကိုလည်း သူက ဝမ်းမြောက်မည်သာ ဖြစ်ပေသည်။

ယခုမူ သူက သူမသိသော "ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်သော ဝတ္ထု"ကို အဘယ်သို့ အဘယ်ပုံ ရေးရပါ့မတုံး။

ခက်ကပြီ၊ ခုမှပင် ခက်တော့သည်။

ဆန်းသစ်ဦးမဂ္ဂဇင်းသို့ ဤမျှ လိုချင်အားကြီးစွာနှင့် တောင်းခံသော ဝတ္ထုကို မရေးပေးလည်းမဖြစ်။ တစ်ဦးနှင့်တစ်ဦးမှာ ကြာမြင့်စွာကပင် ခင်မင်ရင်းနှီးစွာ ဆက်သွယ်လာသော မိတ်ဆွေများဖြစ်ကြသည်။ မရေးပေးလျှင် များစွာ အားနာစရာကောင်းမည်။ တစ်မျိုးတစ်မည် အထင်လွဲချင်လည်း လွဲသွားမည်။ သို့ရာတွင် "ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးသတ်သောဝတ္ထု"ကို သူက အားနားပါးနာနှင့် သူ မသိသော ပျော်ရွှင်ခြင်းအကြောင်းကို ရေးရပါမည်လား။

မိမိမသိသော အကြောင်းနှင့် မိမိ မယုံကြည်သောဘက်မှနေ၍ ကိုဘဆွေက ဘယ်လိုများ ရေးနိုင်ပါမတုံး။

သိတာကိုသာ ရေးနိုင်လိမ့်မည်။

ယုံကြည်သည့်ဘက်မှသာလည်း ရေးနိုင်လိမ့်မည်။

ယခုမူ သူ မသိသော "ပျော်ရွှင်ခြင်းဖြင့် အဆုံးသတ်ရမည့်ဝတ္ထု" ကို သူက ဘယ်လိုများ ရေးပေးရပါမည်လဲ။ သူကိုယ်တိုင်က ပျော်ရွှင်ခြင်းကို သိသူမဟုတ်။ ထိုသို့ ပျော်ရွှင်ခြင်းကို ဘယ်လိုမှ မသိခဲ့သော လူတစ်ယောက်က ပျော်ရွှင်ခြင်းအကြောင်းကို စိတ်ကူးယဉ်၍ ရေးရမည်ဆိုလျှင်

mgyoe.com

mgyee.com


ရေးရမည့် စာရေးဆရာရော၊ သူရေးသောစာပါ မည်သို့လျှင် အဓိပ္ပာယ် ရှိပါဦးမည်လဲ။

ခက်ကပြီ၊ သူက ခေါင်းကုတ်နေမိပြန်ပါ၏။

အခန်းကလေးအတွင်းမှာကား တိတ်ဆိတ်မြဲ တိတ်ဆိတ်၍ပင် နေပါ၏။ ဖယောင်းတိုင်မီးသည်လည်း ခပ်မှိန်မှိန်ပင်လင်း၍ နေလေသည်။

နာရီစက်မြည်သံမှလွဲ၍ ဘာသံမှကား မကြားရ။

စာရေးဆရာ ကိုဘဆွေသည် ဖောင်တိန်ကို လက်တစ်ဖက်တွင် ကိုင်ရင်း သူ့ရှေ့က စားပွဲတွင် ရှုပ်ပွေနေသော စာအုပ်နှင့် စာရွက်စာတမ်း များကို အငေးသား ကြည့်ရင်း ငိုင်နေသည်။

နာရီပြန် နှစ်ချက်ပင် တီးသွားခဲ့ပေပြီ။

ည...

[ ၂ ]

မုန်တိုင်းထဲက တစ်ယောက်တည်းသောလူအတွက် လွမ်းနေရစ် ရသော ဝတ္ထုများကိုသာ ရေးခဲ့သော ကိုဘဆွေက သူ တွေ့ကြုံခံစား၍ သိမြင်နေရသော အကြောင်းအရာများထက် လွန်၍ ဘာများရေးနိုင်ပါ့ မည်လဲ။

စာပေသည် လူမှုဆက်ဆံရေး၏ ထင်ဟပ်ချက်ကို ကြေးမုံတွင် ပြန်လည် ဖော်ပြခြင်းမဟုတ်ပါသလော။ ထို့ကြောင့်ပင် သူရေးသော စာမှာ သူ ဘဝ၏ထင်ဟပ်ချက်ကိုဖြစ်စေ၊ သူသိသော လူများ၏ထင်ဟပ် ချက်ကိုဖြစ်စေ ပြန်လည်ဖော်ပြသော အကြောင်းအရာများသာ ဖြစ်ပေ သည်။

အလုပ်အကိုင်မရှိဘဲ ငတ်နေကြရသော မိသားစုတစ်စုကို ဘယ် လိုပင် ပျော်ရွှင်ရယ်မောနေကြပါသည်ဟု ရေးရေး၊ ငတ်နေကြရသော မိသားစုတစ်စုသည် ရယ်မောနေနိုင်ကြလိမ့်မည်ကား မဟုတ်။ သစ္စာကို ကြေးစားလို ဖောက်ဖျက်သော တရားခံအားသာ အနာဂတ်၏ တရားခံ ရုံးက ဆုံးဖြတ်လိမ့်မည်။

ကိုဘဆွေက သူသိသော မုန်တိုင်းထဲက လူတစ်ယောက်

mgyee.com

mgyoe.com

အကြောင်းမှလွဲ၍ ပန်ကာအောက်မှ ဆိုဖာထက်တွင် ချစ်သူနှင့် ရယ်မောနေသော လူတစ်ယောက်အကြောင်းကို ဘယ်လိုများ ရေးနိုင်ပါမည်လဲ။

သူက သူရပ်နေရသောနေရာမှ သူသိမြင်ရခြင်းကိုသာ ရေးနိုင်လိမ့်မည် ဖြစ်ပါ၏။ ထို့ထက်ကျော်လွန်သွားကာ သူမသိသောအကြောင်းကို ရေးရမှာ ခက်ပါ၏။ ဝန်လေးပါ၏။

ယခုမူ ဆန်းသစ်ဦးမဂ္ဂဇင်း အုပ်ချုပ်ရေးအဖွဲ့က "ပျော်ပျော်ရွှင်ရွှင်နှင့် အဆုံးတတ်သော ဝတ္ထုတစ်ပုဒ်ကို သူ့အား အရေးခိုင်းနေပါပကော။

မရေးလည်း မဖြစ်၊ ရေးရမှာကလည်း အခက်။

ဘာလုပ်ရဦးမည်နည်း။

သူက ခေါင်းကို ကုတ်လိုက်ပြီးနောက် ထိုင်နေရာမှထကာ စာရေးစားပွဲဘေး ပြတင်းပေါက်ကို ဖွင့်၍ အပြင်ဘက်သို့ လှမ်း၍ ကြည့်လိုက်မိသည်။

ညလယ်က လေညင်းက တိုး၍ ဝင်လာသည်။ အေးသလို ဖြစ်သွားပါ၏။

ကောင်းကင်မှာ လမင်းကသာ၍ မနေ၊ ကြယ်တွေကတော့ တောက်နေကြ၏။

ကြယ်ရောင်တောက်နေသော ညသည် အိပ်မောကျနေဘိအလား တိတ်ဆိတ်၍နေ၏။ လူသွားလူလာ ကင်းရှင်းနေသော လမ်းမကြီးငယ်အသွယ်သွယ်တို့မှာ ည၏ တိတ်ဆိတ်ခြင်းထဲမှာ အပန်းဖြေနေသကဲ့သို့ စင်း၍နေကြသည်။

ကိုဘဆွေက ပြတင်းပေါက်မှ အပြင်ဘက်သို့ မြင်နေရသော ညကို အငေးသားပင် ကြည့်နေမိပေသည်။ ကြည့်နေရင်း သူက "ပျော်ရွှင်စွာ အဆုံးသတ်နိုင်မည့် ဇာတ်လမ်းကို စဉ်းစားရှာဖွေနေမိ၏။ သူ မသိသော ဒေသမှာ သူ မသိသော ပစ္စည်းတစ်ခုခုအား အိပ်မက်ထဲမှာ လိုက်၍ ရှာနေသည်နှင့် မတူပါသလား။

ဘယ်လိုများ ပျော်ရွှင်စွာ အဆုံးသတ်သော ဝတ္ထုဇာတ်လမ်းကို သူက ရေးရပါမည်လဲ။

mgyoe.com

mgyoe.com


ခေါင်းကိုသာ တွင်တွင်ကြီးကုတ်၍ သူက ကြယ်ရောင်များ အောက်မှာသာ အိပ်မောကျနေသောညကို အငေးသားကြည့်ရင်း စိတ်ကူး နေမိပါ၏။ မှားလိုက်တဲ့ စာရေးဆရာ...

သူက မသိသော ပျော်ရွှင်စရာကို သူက ဘယ်လိုများ ရေးနိုင်ပါ မတုံး။

ဝတ္ထုကို ကနေ့ညအပြီး ရေးမှ ဖြစ်ပေမည်။ မနက်ဖြန်ဆိုလျှင် နောက်ဆုံး "ဖောင်"စီရတော့မည်။ ကနေ့တစ်ညတွင်မှ သူက မရေးပေးလျှင် သူသည် ဆက်၍ မစဉ်းစားတော့ဘဲ ပြတင်းပေါက်ကို ဆွဲ၍ပိတ်ကာ ဖယောင်းတိုင်မီးကို ငြိမ်းလိုက်သည်။

[ ၃ ]

စာရေးဆရာ ကိုဘဆွေသည် ကြယ်ရောင်များ တောက်နေသော ညထဲမှာ လမ်းလျှောက်နေပါ၏။ တကယ်ဆိုတော့ သူသည် လမ်းလျှောက် ချင်လှ၍ မဟုတ်ဘဲ ကျဉ်းမြောင်းလှောင်အိုက်နေသော သူ့ အခန်းကလေး ထဲမှာထက် ကျယ်ပြန့်အေးမြသော ညထဲမှာ လမ်းလျှောက်ရင်း ပျော်ရွှင် စွာ အဆုံးသတ်နိုင်မည့် ဇာတ်လမ်းကို ရှာဖွေစိတ်ကူးနေခြင်းသာ ဖြစ်ပါ ၏ ။

သူသည် လူသူရှင်းနေသော လမ်းမကြီးအတိုင်း မဆုံးမချင်း လျှောက်သွားနေသည်။ လမ်းဘေး၏ တစ်ဖက်တစ်ချက်တွင် စီတန်း၍ ဆောက်လုပ်ထားကြသော တိုက်ကြီးများမှာ မီးများ ငြိမ်းသတ်ကာ တိတ်ဆိတ်မှောင်မည်းနေကြသည်။

သူသည် နေ့နှင့်ည၏ ခြားနားသော ဆန့်ကျင်ဘက်ကို သဘော ထားရင်း ဖြည်းညင်းစွာပဲ လျှောက်သွားနေလေသည်။ စောစောက ဇာတ် လမ်းရှာဖွေ စဉ်းစားရန် ထွက်လာသော စိတ်ကူးကိုကား မေ့လေပြီ။

သူသည် အိပ်မောကျနေသော လောကထဲတွင် တစ်ယောက်တည်း လမ်းလျှောက်နေရသော လူတစ်ယောက်၏အကြောင်းကို စဉ်းစားနေမိ၏။ သူ့အကြောင်းကိုများလားပဲ။

mgyoe.com

mgyoe.com


စာပေကို ချစ်မြတ်နိုး၍ စာရေးဆရာ၊ သတင်းစာဆရာဘဝကို တပ်မက်သော လူငယ်တစ်ဦးအား သူ၏ မြတ်နိုးသောဘဝကို အတင်းကျောခိုင်းစေ၍ အစိုးရရာထူးတစ်ခုကို လက်ခံစေသည်နှင့် မပြီးဆုံးသေးဘဲ သူက မသိ၍ သူ့ကိုလည်း မသိသော မိန်းကလေးတစ်ဦးနှင့် ကုန်ပစ္စည်းချင်း ရောင်းဝယ်လဲလှယ်သလို လဲလှယ်ခြင်းခံခဲ့ရသော အသက်နှစ်ဆယ်ပင် မရှိတတ်သေးသည့် ကျောင်းသားမောင်ဘဆွေကို သူက ပြန်လည်စဉ်းစားနေမိပေသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က မောင်ဘဆွေ၏အကြောင်းကို အသက် ၃၀ ခန့် စာရေးဆရာ ကိုဘဆွေကြီးက ပြန်လည် စဉ်းစားမိပါ၏။

သူ၏ အစိုးရရာထူးနှင့် သူမသိသော သူ၏ဇနီးသည်ကို မောင်ဘဆွေသည် ငါးနှစ်ကျော်၊ ခြောက်နှစ်နီးပါးမျှ ဝန်လေးပင်ပန်းကြီးစွာဒဏ်ခံခဲ့ရခြင်းများအား တရေးရေး ပြန်လည် သတိရနေလေသည်။

စာပေကိုသာချစ်သော လူတစ်ယောက်အဖြစ်နှင့် ဥပဒေအတိုင်း စက်ရုပ်လို လုပ်ကိုင်နေရသော အစိုးရအလုပ်မှာ သဟဇာတဖြစ်နိုင်ရန် ခက်လှပါ၏။

စာကိုသာဖတ်၍ စာကိုသာ ရေးနေတတ်ကာ သူမတို့အား ယုယဂရုစိုက်ရခြင်းကို မေ့လျော့နေတတ်သော လင်ယောကျ်ားများကို သားမယားတို့သည် ကာလကြာရှည်သောအခါ ငြီးငြင်တတ်ကြပေသည်။

မောင်ဘဆွေသည် ထိုဒဏ်ကို ခြောက်နှစ်နီးပါးမျှ ခံခဲ့ရပြီးသည့်အဆုံး၌ သူ၏ လွတ်လပ်မှုကို တန်ဖိုးကြီးစွာပေး၍ ဝယ်ယူခဲ့ရ၏။

မဆုံးနိုင်သော လမ်းမကြီးပေါ်မှာ တစ်ယောက်တည်း ဖြည်းညင်းစွာ လျှောက်နေရင်း စာရေးဆရာ ကိုဘဆွေသည် အစိုးရရာထူးမှ နုတ်ထွက်ကာ သားမယားများနှင့် တကွဲတပြားစီဖြစ်လာခဲ့ရသော အကြောင်းများကို ပြန်လည် စဉ်းစားနေမိလေသည်။

ညသည် မှောင်မိုက်နေသော်လည်း ကြယ်တို့က တောက်၍နေကြသဖြင့် တော်သေး၏။

မောင်ဘဆွေက ကြီးမားလှသော ဝတ်နှောင်မှလွတ်၍ လွတ်လပ်

mgyoe.com

mgyoe.com


ခြင်းကို ရရှုံမျှရှိသေးစဉ် သူက မသိရဘဲနှင့် သူ့ကို သိနေသော မိန်းမတစ်ယောက်၏ ရင်ခွင်ထဲတွင် အိပ်လိုက်ရပြန်ပါပကော…

သူသည် သူမသိသော မိန်းမတစ်ယောက်၏ ရင်ခွင်ထဲမှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး မအိပ်ချင်ပါဘဲနှင့် လူးလွန့်ကာ အိပ်လာခဲ့ရပြီးနောက် ရုန်းကန်၍ ထွက်ပြေးလာခဲ့ရပါ၏။

သူ ငယ်စဉ်က မျှော်မှန်းတပ်မက်လာခဲ့ရသော စာရေးဆရာဘဝသို့ အသက် ၃၀ နီးခါမှ ချဉ်းကပ်နိုင်ခဲ့ပါ၏။ ယခုမူ သူသည် ဆင်းရဲငတ်ပြတ်ရခြင်းများဖြင့် သံသရာလည်နေရသော စာရေးဆရာဘဝကို စုံမက်မြတ်နိုးစွာ ဖက်ပွေ့ထားရင်း သူသိလာ၊ တွေ့လာသော အကြောင်းအရာများကို ရေးနေရခြင်းဖြင့် အသက်ရှင်နေ၏။ ထိုသို့ အသက်ရှင်နေရခြင်းဖြင့် လူ့ဘဝကို စာရေးဆရာ ကိုဘဆွေက ကျေနပ်နေ၏။ နှစ်သိမ့်နေ၏။

သူကသာ သူ၏ စာရေးဆရာဘဝကို ကျေနပ်နှစ်သိမ့်နေသော်လည်း သူ့ဝတ္ထုကို ဖတ်နေကြရသော စာဖတ်ပရိသတ်ကမူကား သူ့စာကို မကျေနပ် မနှစ်သိမ့်သည့် အကြောင်းအရာများအား သူသည် သနားဖွယ်ရာ မသိနိုင်ခဲ့။ သူ ရေးချင်တာကို ရေးရ၍ သူ၏ ကျေနပ်ခြင်းကိုသာ သူက သိသည်။ ဆင်းရဲသော စာရေးဆရာ…

ယခုမူ သုံးနှစ်မြောက် ဆန်းသစ်ဦးမဂ္ဂဇင်း အုပ်ချုပ်ရေးအဖွဲ့က သူ့ကို ရင်းနှီးစွာ ခပ်ပြောင်ပြောင်ပင် ပွင့်ပွင့်လင်းလင်း "ပျော်ရွှင်စွာ အဆုံးသတ်သော ဝတ္ထုဇာတ်လမ်း"ကို တောင်းခံလိုက်ပါ၏။ သည်လို ရဲရဲတင်းတင်း တောင်းခံလိုက်တော့ခါမှပင် သူက မကျေနပ်ချက်များဖြင့် လွမ်းဆွတ်ကြေကွဲဖွယ် အဆုံးသတ်ထားခဲ့သော သူ၏ဝတ္ထုဇာတ်လမ်းများ အကြောင်းကို ပြန်လည် စဉ်းစားမိလေသည်။

သူသည် ဝတ္ထုစ၍ ရေးကတည်းက သာယာခြင်းများဖြင့် အဆုံးသတ်သော ဇာတ်လမ်းကို တစ်ခါမှ မရေးနိုင်ခဲ့စဖူး၊ တကယ်ဆိုတော့ ရေးနိုင်စရာ သူ့မှာ အတွေ့အကြုံ မရှိခဲ့၊ သိလည်း မသိခဲ့။

သူ တွေ့ကြုံခံစားခဲ့ရသော မကျေနပ်ချက်များနှင့် လွမ်းဆွတ်တသချက်များကိုသာ သူက ရေးခဲ့ပေသည်။ ဒါပဲ သူကသိ၍ ဒါပဲ ရေး၏။

mgyoe.com

mgyoe.com

စာရေးဆရာ ကိုဘဆွေသည် လမ်းမကြီး၏အဆုံးတွင် ကန့်လန့်ဖြတ်၍စီးနေသော ရန်ကုန်မြစ်ကမ်းပါးထိပ်မှာ ရှေ့သို့ မလျှောက်နိုင်တော့သဖြင့် ရပ်နေလိုက်ပါ၏။

ကြယ်ရောင်များအောက်မှာ ငြိမ်သက်စွာ စီးဆင်းနေသော ရန်ကုန်မြစ်ကို သူက ငြိမ်သက်စွာပင် ငေးမော၍ ကြည့်နေမိပေသည်။

ညသည် တိတ်ဆိတ်မြဲပင် တိတ်ဆိတ်နေ၏။

ရန်ကုန်မြစ်သည် ငြိမ်သက်စွာ စီးဆင်းနေ၏။ လွတ်မြောက်ရေးလုပ်ငန်းများကိုပါ တိုင်ခိုက်ပစ်ရန်အတွက် မြန်မာပြည်အား အမေရိကန်စစ်အခြေခံစခန်း လုပ်ပစ်ဖို့ပင် ဖြစ်ပေသည်။

အမေရိကန်တို့သည် ဗမာပြည် နယ်နိမိတ်အတွင်းတွင် အကြီးဆုံးသော ဗုံးကြဲလေယာဉ်ပျံကြီးများ သက်ဆင်းနိုင်သော လေယာဉ်ပျံကွင်းများ ဆောက်လုပ်နိုင်ခွင့်လည်း မရှိလေသည်။

ဗမာပြည်ရေးရာများတွင် အမေရိကန်တို့ ဝင်ရောက်စွက်ဖက်နေသော အခြားသာဓကတစ်ခုမှာ သခင်နုအား လက်နက်ကိုင်တပ်များကို အလုံအလောက်တိုးချဲ့ရန်၊ ၎င်းတို့အား ပါတီစုံ လှုပ်ရှားမှုများကို တိုက်ဖျက်ရန် ပို၍ မြဲမြံသော ခြေကုတ်နောက်ခံပြုပေးရန် တောင်းဆိုခြင်းပင်ဖြစ်ပေသည်။ ၎င်းမှာ တိုင်းပြည်တွင် တက်ကြွရင့်သန်လာနေသော အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုများကို ဆန့်ကျင်၍ အမေရိကန် အရင်းမြှုပ်နှံမှုများ အပါအဝင် အမေရိကန်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ရန်ပင် ဖြစ်ပေသည်။

"ဗမာပြည် ကာကွယ်ရေးနှင့် ပြည်ထဲရေးဌာနဝန်ကြီးလည်းဖြစ်၍ ဗမာ့တပ်မတော်၏ စစ်သေနာပတိလည်းဖြစ်သော လက်ဖတင်နင်ဂျင်နရယ်နေဝင်းအား အစိုးရအဖွဲ့မှ ထုတ်ပစ်ခြင်းကိုလည်း အမေရိကန်တို့၏ တိုက်ရိုက် ဝင်ရောက်စွက်ဖက်မှု၏ ဖြစ်ရပ်အဖြစ်ဖြင့် သဘောထားရပေလိမ့်မည်။

mgyoe.com

mgyoe.com


**မိတ်ဆွေကြီး သခင်နုခင်ဗျား...**

ငင်းရေးသားချက်များနှင့် ပတ်သက်၍ တိုင်းပြည်လူထု စိတ်ချမ်းသာမှု ရရှိနိုင်ရန် မိတ်ဆွေကြီးတို့ အစိုးရ၏ ရှင်းလင်းချက်ကို တိုင်းပြည်သို့ အမြန် ထုတ်ပြန်စေလိုပါသည် ခင်ဗျား။

အမေရိကန်တို့၏ ကောက်ကျစ်မှု၊ စစ် လိုလားမှု၊ ခြိမ်းခြောက်မှု ကမ္ဘာကြီးတစ်ခုလုံးကို လက်ဝါးကြီးအုပ်လိုမှု၊ တတိယစစ်ကြီးကို လှုံ့ဆော်မှု၊ ကျူးကျော်စော်ကားမှု၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများကို မလိုလားသော ဗမာပြည်လူထု၏ အသည်းနှလုံးတွင် အေးချမ်းသာယာမှု အမြန်ရရှိနိုင်စေရန် ကာယကံရှင်ဖြစ်နေသော မိတ်ဆွေကြီးတို့အား ဤရေးသားချက်များအတိုင်း ဟုတ် မဟုတ်၊ ကျွန်ုပ်တို့က တိုင်းပြည်ကိုယ်စား မေးမြန်းလိုက်ရခြင်း ဖြစ်ပါသည်ခင်ဗျား။

လင်းယုန်

ကိုဘဆွေကသာ တစ်ယောက်တည်း၊ တစ်လောကလုံး အိပ်မောကျနေသောအချိန်၌ အိပ်မနေနိုင်ဘဲ လူတွေဖတ်ချင်သည့် ပျော်ရွှင်စွာနှင့် အဆုံးသတ်နိုင်မည့် ဝတ္ထုဇာတ်လမ်းကို ရှာဖွေနေပါ၏။ သူသည် အဘယ်မျှကြာမြင့်စွာ မြစ်ကမ်းပါးထိပ်မှ ကျောက်ရုပ်လို ရပ်နေလိုက်သည် ကိုကားသတိမရလိုက်၊ တစ်စုံတစ်ယောက်သော သဏ္ဌာန်သည် သူနှင့် မလှမ်းမကမ်းမြစ်ကမ်းပါးထက်မှာ ရပ်နေရာမှ ရေထဲသို့ ခုန်ချမည့် ဟန်ပြုနေခြင်းကို ရုတ်တရက် မြင်လိုက်ရတော့ခါမှ သူသည် သတိရကာ ထိုလူ့ဆီ ပြေးသွားပြီးနောက် လှမ်း၍ နောက်မှ တအားဖက်ထားလိုက်မိသည်။

"လွှတ်ပါရှင်၊ လွှတ်ပါ" သူ့လက်ထဲမှ ရုန်းကန်ရင်း ပြောနေသော အသံမှာ မိန်းမသား၏အသံ ဖြစ်ပါ၏။

mgyoe.com

mgyoe.com


သို့ရာတွင် သူက အဘယ့်ကြောင့် လွှတ်ခိုင်းတိုင်း လွှတ်ရပါမည်လဲ။ ရေထဲသို့ သူ သူ့ရဲဘောကြောင်စွာနှင့် ခုန်ချ၍ လူ့ဘဝမှ ထွက်ပြေးလွတ်မြောက်ရန် ကြံစည်ခြင်းကို သူက ဆန့်ကျင်ဘက်ပြုရလိမ့်မည် ဖြစ်သည်။

သူက ထိုမိန်းမသားကို အတင်းဆွဲ၍ မြစ်ကမ်းနှင့်ဝေးရာ ခပ်လှမ်းလှမ်းသို့ ခေါ်လာခဲ့ရပေသည်။

ထိုမိန်းမသားမှာ အသက်အစိတ်သာသာခန့် ရှိဦးမည်ဖြစ်၍ ရုပ်ရည်မှာလည်း သနားကမားပင် ဖြစ်ပါ၏။

"ခင်ဗျား ဘာဖြစ်လို့ ဒီလို မဟုတ်တာ ကြံစည်ရသလဲ" ကိုဘဆွေက ဒါပဲ သိချင်စွာ မေး၏။

သူမ၏ အဖြေမှာ ရှည်လျားလှပါ၏။ လင်သေ၍ ဘာမျှ မလုပ်ကိုင်စားတတ်သည့်အဆုံး၌ရှိသော ကလေးနှစ်ယောက်ကို သူများအား ပေးလိုက်ပြီးနောက် ယခုကဲ့သို့ ကြံစည်ခြင်းဖြစ်ကြောင်းကို ပြောပြ၏။ အဆုံးမှာတော့ စိတ်ညစ်သောကြောင့်ပင် ဖြစ်ပါ၏။ သူမ၏လူ့ဘဝသည် အဓိပ္ပာယ်ကုန်ဆုံးပြီဟု ယူဆဟန်ရှိပါ၏။

ကိုဘဆွေသည် ထိုမိန်းမသား၏ ပုံဝတ္ထုကိုဆုံးအောင် နားထောင်ရပြီးနောက် ဝတ္ထုတစ်ပုဒ် ရေးရန် စိတ်ကူးကို ရလာပါ၏။ ထို့ကြောင့် သူသည် ထိုမိန်းမသားကို သူ့အခန်းကလေးထဲသို့ ခေါ်ဆောင်ခဲ့၏။ မိန်းမသားကလည်း ပကတိ ရိုးသားစွာ ကိုဘဆွေ၏ ခေါ်ဆောင်သွားရာသို့ ယုံကြည်ခြင်းဖြင့် လိုက်ပါခဲ့သည်။

သူသည် ဓာတ်ဘူးထဲမှ ရေနွေးနှင့် ထိုမိန်းမသားအား ကော်ဖီဖျော်၍ တိုက်ပြီးလျှင် သူ့အိပ်ရာထက်မှာ ကောင်းမွန်နွေးထွေးစွာ သိပ်ပြီးနောက် ဘာမျှ အားမငယ်ရန်၊ မပူပန်ရန် မှာကြားခဲ့ပြီးနောက် စောစောကစာရေးစားပွဲဆီသို့ လျှောက်လာကာ ထိုင်လိုက်၏။

သူသည် ဖယောင်းတိုင်မီးကို မထွန်းသေးဘဲ ပြတင်းပေါက်ကို ဖွင့်၍ အိပ်မောကျနေသော ညထဲသို့ လှမ်း၍ ကြည့်လိုက်မိသည်။

အပြင်ဘက်က ညသည် ပကတိ တိတ်ဆိတ်နေ၏။

mgyoe.com

mgyoe.com


သူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်နေရာမှ "ပျော်ရွှင်စွာ အဆုံးသတ်နိုင်မည့် ဝတ္ထုဇာတ်လမ်းအား ရေးရန် အကြံကို တစ်ခါတည်း စွန့်လွှတ်လိုက်ပြီးနောက် ဖယောင်းတိုင်မီးကို လင်းလိုက်ပါ၏။

လေးနာရီပင် ထိုးသွားခဲ့လေပြီ။

သူသည် ဖောင်တိန်ကိုကိုင်ကာ သူရေးလိုသော ဝတ္ထုဇာတ်လမ်းကို ရုတ်တရက်ပင် ကောက်၍ စနိုင်လိုက်ပါ၏။

ကိုဘဆွေ ရေးနေသော ဝတ္ထုရဲ့ ခေါင်းစဉ်က "စာရေးဆရာ"

သူသည် သူ ကောင်းစွာ မသိသေးသော လူတွေရဲ့အကြောင်းကိုပဲ ရေးနေတာများလား သို့မဟုတ် သူသိသော သူ့အကြောင်းကို ရေးနေတာများလား။

အမှန်ကိုမူ စာရေးဆရာ ကိုဘဆွေတစ်ယောက်သာ အသိဆုံး ဖြစ်ပေတော့မည်။

●

mgyoe.com

mgyoe.com

## အမေ

[ ၁ ]

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ထုထည်ကြီးမားလှသော ရဲတိုက်ကြီးတစ်လုံး ရှိလေသည်။ ထိုရဲတိုက်ကြီးသည် အလွန်တရာ အိုမင်းလျက်များစွာ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော ရှေးဟောင်းအဆောက်အအုံကြီးတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတော်သမိုင်း၏ ကျေးပိုင်ကျွန်ပိုင်ခေတ်များနှင့် မြေရှင်ပဒေသရာဇ်ခေတ်များက လူသားယောကျ်ားတို့ လက်ရုံးအားကိုးဖြင့် တည်ဆောက်ထားခဲ့ကြသော ရဲတိုက်ဟောင်းကြီးဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ မည်ရွေ့မည်မျှ မှန်ကန် ခိုင်လုံသည်ကိုတော့ကား မပြောနိုင်။ မြန်မာနိုင်ငံသို့ ရှေးဦးစွာ ဝင်ရောက်လာကြသော သက်နှင့် ပျူလူမျိုးများတို့၏ ကျေးပိုင်ကျွန်ပိုင်ခေတ်လောက်ဆီက စတင်တည်ဆောက်ခဲ့သော အဆောက်အအုံကြီးဖြစ်သည်ဟူ၍ အချို့သော သမိုင်းပညာရပ်ဘက်ဆိုင်ရာ သုတေသီတို့က ပြောဆိုလျက် ရှိကြသည်။ အချို့... အချို့သော ပညာရှိ သုခမိန်ကြီးများကလည်း ဤရဲတိုက်ကြီးအား ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်နှင့် နောက်ဆုံး ကုန်းဘောင်ခေတ်များအထိ မြန်မာ၊ မွန်နှင့် ရှမ်းပဒေသရာဇ်ဘုရင်များက ဆက်လက်၍ အသုံးပြုခဲ့ကြကြောင်း ခိုင်မာသော သက်သေခံပစ္စည်းများ၊ အထောက်အထားများဖြင့် ပြောဆိုရေးသားလျက်ရှိကြသည်။ မြန်မာနိုင်ငံတော်၌ ဗြိတိသျှလူမျိုးများ နှစ်ပေါင်း

mgyoe.com

mgyoe.com


တစ်ရာကျော်မျှ လာရောက်စိုးမိုး သွားခဲ့ကြစဉ်ကလည်း ဤပဒေသရာဇ်ခေတ်ကြွင်း ရဲတိုက်အိုကြီးအား အနည်းငယ် မွမ်းမံပြင်ဆင်၍ အသုံးပြုသွားကြသေးသည်။ ယခုအခါတွင် ဗြိတိသျှတို့အား သူရသတ္တိနှင့် ပြည့်စုံသော မြန်မာအမျိုးသားများက မြန်မာနိုင်ငံတော်မှ နှင်ထုတ်လိုက်ကြပြီးနောက် မိမိတို့၏ အမျိုးသားလွတ်လပ်ရေးကိုလည်း ကြေညာပြီးစီးခဲ့ကြလေပြီ။ ခေတ်သစ် သမ္မတနိုင်ငံတော်ကြီးကို တည်ထောင်လျက် "ဆိုရှယ်လစ်" နိုင်ငံတော်ကြီးပင် တည်ဆောက်မည်ဟူ၍လည်း လူသိရှင်ကြား ကြေညာခဲ့ကြလေပြီ။ သို့ရာတွင် ဤ ပဒေသရာဇ်ခေတ် ကြွင်းရဲတိုက်အိုကြီးအား ယခုထက်တိုင် မည်သူတစ်ဦးတစ်ယောက်ကမျှ ရှင်းလင်းဖြိုဖျက်ခြင်း မပြုကြသေး။ ဆိုရှယ်လစ် စနစ်သစ်နှင့် လိုက်လျောမည့် ခေတ်မီခိုင်ခံ့သော အဆောက်အအုံသစ်ကိုလည်း မည်သည့်ဆိုရှယ်လစ် ဗိသုကာတို့ကမျှ ကြံစည်စိတ်ကူးကြပုံကို မကြားသိရသေး။ ဤဟောင်းနွမ်းဆွေးမြည့်နေသော ရဲတိုက်အိုကြီးအား ကိုလိုနီနှင့် ပဒေသရာဇ်ခေတ်များက ထားရှိခဲ့သည့်အတိုင်း ဆက်လက်၍ ထားရှိမြဲ ထားရှိကြဦးမည့်လက္ခဏာကိုသာလျှင် တွေ့မြင်ရလေသည်။

ဤရဲတိုက်အိုကြီး၏ ပတ်ပတ်လည်တွင် အစောင့်စစ်တပ်များ ချထားလေသည်။ တစ်စုံတစ်ယောက်သည် အရပ်တစ်ပါးမှ လာရောက် တိုက်ခိုက် ဖြိုဖျက်မည့်အရေးကို စိုးရွံ့၍ပင်လော။ သို့မဟုတ် ရဲတိုက်အတွင်းမှ တစ်စုံတစ်ယောက်အား လွတ်မြောက်ထွက်ပြေးသွားမည့်အရေးကိုပင် စိုးရိမ်၍ပင်လော။

ရဲတိုက်ကြီး၏ တစ်ခုသော အခန်းကျဉ်းကလေးအတွင်း၌ကား အမေ့ကို ယနေ့ထက်တိုင် သူတို့သည် အကျဉ်းချထားကြတုန်း ဖြစ်လေသည်။ အမေသည် အကျဉ်းသားဘဝနှင့် အနှိပ်စက် အစော်ကားခံနေရတုန်းလည်း ဖြစ်လေသည်။

[ ၂ ]

လူ့အနွယ်နှင့်အမျှ အိုမင်းလှပြီဖြစ်သော ဤအဘွားကြီးအိုအား သုံ့ပန်းအဖြစ် ယနေ့သို့တိုင်အောင် ဖမ်းဆီး အကျဉ်းချထားကြတုံးဖြစ်သည်။

mgyoe.com

mgyoe.com


အမျိုးမျိုး အဖုံဖုံ ချုပ်ခြယ်ထားကြတုံးလည်း ဖြစ်သည်။ သမိုင်းနှင့်အမျှ သားကောင်ဖြစ်နေခဲ့ရသော ဤအမယ်အိုအား မည်သည့် နေ့ရက်နှင့် ကာလများသို့တိုင်အောင် သင်းတို့တစ်တွေသည် ဤနည်းအတိုင်း ချုပ်ခြယ်နှိပ်စက်နေကြဦးမည်ကား မသိ။ သင်းတို့တစ်တွေက ညှဉ်းပန်းနှိပ်စက်၍ ဤအဘွားအို ငိုခဲ့ရသော မျက်ရည်တို့ကိုသာ စုပေါင်းသိမ်းဆည်းထားခဲ့ရချေလျှင် သလ္လာ၊ ဧရာဝတီနှင့် သံလွင်မြစ်ကြီးများပင် ပြည့်လျှံလိမ့်မည်။ အဘွားကြီးအိုအား သင်းတို့တစ်တွေက ရိုက်နှက်၍ ယိုစီးခဲ့ရသော သွေးတို့ကိုသာ ကန်တူးဖော်၍ လှောင်ထားခဲ့ရချေလျှင် မိတ္ထီလာကန်နှင့် လုံလောက်နိုင်ဖွယ်ရာလည်း မရှိပေ။ နာကျင်ရလွန်းသော ထိုအမယ်အို၏ ငိုကြွေးသံများနှင့် ညည်းတွားသံများကိုသာ သိမ်းဆည်းထားနိုင်ခဲ့လျှင် အဏုမြူဗုံးပေါက်ကွဲသံထက် အဆအရာအထောင်မက ပြင်းထန်ပေလိမ့်မည်။

အမေသည် ဤသို့ ကျေးကျွန်ဘဝဖြင့် အနှိပ်စက် အညှဉ်းပန်းခံလာခဲ့ရသည်မှာ နှစ်ထောင်ပေါင်းများစွာ ကြာမြင်ခဲ့လေပြီ။ လူ့အနွယ်နှင့်အမျှ ကြာမြင့်လှပြီဟုလည်း ဆိုနိုင်လိမ့်မည် ထင်သည်။

ဤမြေကြီးပေါ်၌ လူ့အနွယ်ပေါ်ဦးစ တစ်ချိန်ကမူ အမေသည် လူအားလုံးတို့၏ မိခင်ပီပီ မြင့်မြတ်သောမိခင်၏ ပလ္လင်တော်ထက်တွင် စိုးစံခဲ့ရဖူးလေသည်။ အမေသည် လူသားတို့၏ ကေရီဘုရင်မကြီးလည်း ဖြစ်ခဲ့သဖြင့် လင်သားနှင့် မောင်ဖားတို့၏ ရိုသေလေးမြတ်ခြင်းကို ခံခဲ့ရသည်။ ဤမြေကြီးပေါ်၌ လူ့အနွယ် တည်တံ့နေနိုင်ရေးအတွက် လိုအပ်လှသော "စားဝတ်နေမှု" ကိစ္စအဝဝတို့ကို အမေကပင် ဦးစီးဦးကိုင်ပြုကာ ရှာဖွေလုပ်ဆောင်ခဲ့လေသည်။ ဤမြေကြီးပေါ်ရှိ လူ့အနွယ်၏ အန္တရာယ်များနှင့် ရန်သူများကို အမေသည် သုတ်သင်ဖယ်ရှားလျက် လူ့အဆက်အနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့လေသည်။ အမေကသာ ဤကဲ့သို့ ဦးစီးဦးကိုင် မပြုခဲ့ချေလျှင် လူ့အနွယ်၏ ကံကြမ္မာသည် လေးဖက်တွား၍ မသွားတတ်မီကပင် ချုပ်ငြိမ်းခြင်းသို့ ရောက်ရန်ရှိပေသည်။ သို့ရာတွင် အမယ်အိုသည် လူ့အနွယ်၏ မိခင်မြတ်ပီသလှစွာ သားတို့အား ကောင်းစွာ မွေးမြူထိန်းသိမ်းလျက် လူလားမြောက်စေခဲ့သည်။

mgyoe.com

mgyoe.com


ဤသို့ လူ့အနွယ်ကြီး လူလားမြောက်လာသည့်အချိန်သို့ ရောက်ရှိသောအခါ အမေ၏ လင်သားနှင့် မောင်ဖွားတို့က လက်ရုံးအားကိုးဖြင့် အမယ်ကြီးအိုအား နိုင့်ထက်စီးနင်း ကျင့်ကြံပြုမူကြလေသည်။ မြင့်မြတ်သောမိခင်၏ ပလ္လင်ထက်မှ အမေ့ကို လင်သားမောင်ဖွားများက အတင်းအဓမ္မ ဆွဲချကြလေသည်။ အမယ်ကြီးအိုအား ယုတ်နိမ့်သောနေရာအရပ်၌ နှိမ့်ချခြင်းအမှုကိုလည်း ပြုကြလေသည်။ အမျိုးမျိုးအဖုံဖုံ စော်ကား နှိပ်စက်ခြင်းလည်း ပြုကြလေသည်။ လူ့အနွယ်အား မွေးမြူထိန်းသိမ်းလာခဲ့ရသော ကျေးဇူးအနန္တကိုမှမထောက်၊ လူလားမြောက်သည်အထိ ထိန်းကျောင်း စောင့်ရှောက်လာခဲ့ရသော အမေ၏ ဒုက္ခအဝဝတို့ကိုမှလည်း မငဲ့၊ ဤကျေးဇူးရှင် အမယ်ကြီးအိုကလေးအား အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းနှိပ်စက်ကြသည်။ ရက်ရက်စက်စက်လည်း ခိုင်းစေကြသည်။

ကျေးပိုင်ကျွန်ပိုင်ရှင်များခေတ်က အမေသည် လင်သား မောင်ဖွားတို့၏ ကျွန်မကြီး ဖြစ်ခဲ့ရသည်။ "မြွေဝ"ဟူ၍ပင် အမေ့အား နင့်နင့်သီးသီး ခေါ်ဝေါ်ခဲ့ကြသေးသည် မဟုတ်လော။ မနိုင်သော ဝန်ကိုလည်း အမေ့အား အတင်းရောအဓမ္မပင် ထမ်းဆောင်သယ်ပိုးစေခဲ့ကြပြီ။ လေးလံသော ဝန်ပိုးကို မနိုင်ရစကောင်းလားဟု မာန်မဲကာ မောင်ဖွား လင်သားတို့က ဤအမယ်ကြီးအိုကလေးအား ရိုက်နှက်ညှဉ်းပန်းခဲ့ကြပြီ။ နာကျင်လျက်၊ ငိုယိုလျက် အမေသည် မနိုင်သောဝန်ထုပ်ကို သယ်ပိုး၍ မလျှောက်နိုင်သောခရီးကိုလည်း လျှောက်ခဲ့ရပြီ။

မြေရှင်ပဒေသရာဇ်ခေတ်များက အမေသည် လင်သားမောင်ဖွားတို့၏ လက်ဆောင်ပဏ္ဏာတော်လည်း ဖြစ်ခဲ့ရသည်။ ဣတ္ထိနံ၊ ဓနံ၊ ရူပံဟူသော စကားအတိုင်း အမေ၏ ဥစ္စာပစ္စည်းဆို၍ အမေ၏အဆင်းသာ ရှိခဲ့သည်။ အမေ့အား အသက်နှင့် အသိဉာဏ်ရှိသော သတ္တဝါတစ်ဦးတစ်ယောက်ကဲ့သို့ပင် သဘောမထားခဲ့ကြပေ။ လက်ဆောင်နှင့် ပဏ္ဏာတော်ပစ္စည်းကဲ့သို့သာ အသုံးချကြလေသည်။ ခြေတော်တင်ရန်ထက်လွဲ၍ "ဤအမယ်အိုအား လင်သားမောင်ဖွားတို့သည် ဘာတန်ဖိုးမျှ ထားခဲ့ကြသည်မဟုတ်။ တန်ဖိုးကို ထားဖို့ဝေးစွ၊ "ဂန်းမ"ဟူ၍ပင်လျှင် ဤအဘွားကြီးအိုကလေးအား ရင့်ရင့်

mgyoe.com

mgyoe.com


သီးသီး ခေါ်ဝေါ်လိုက်ကြသေးသည် မဟုတ်လော။

မြန်မာနိုင်ငံအား နှစ်ပေါင်းတစ်ရာကျော်မျှ ဈေးပြုလုပ်သွားကြသော ဗြိတိသျှခေတ်ကလည်း အမေသည် ဈေးအရပ်၌ ရောင်းကြ ဝယ်ကြသော ကုန်ပစ္စည်းမျှသာ ဖြစ်ခဲ့ရသည်။ ဈေးအရပ်၌ ခရမ်းသီး၊ ဘူးသီးများ ရောင်းကြဝယ်ကြသကဲ့သို့ လူ့အနွယ်၏ သခင်မကြီးဖြစ်သော အမေ့ကို ရောင်းကြ ဝယ်ကြသည်။ မိမိတို့ အသုံးလိုသောအခါ၌ ကုန်ပစ္စည်းကို ရောင်းကြ ဝယ်ကြသည့်နည်းတူ လင်သားမောင်ဖားများက အမေ့ကို အသုံးလိုသောအခါ မှပင် ဈေးပေး၍ ရောင်းကြဝယ်ကြသည်။ အသုံးလိုသောအခါ အလိုရှိသော ကုန်ပစ္စည်းတစ်ခုခုကို တန်ရာတန်ဖိုး ပေးဝယ်ကြခြင်းထက်လွဲ၍ ဤအဘွား ကြီးအိုကိုပင် တန်ရာတန်ဖိုးမထားခဲ့ကြ။ အချို့သောသူများက သူ့ကာလ ပေါက်ဈေးနှင့် တန်ရာတန်ဖိုးကိုပင်လျှင် မပေးလိုကြသေးဘဲ အဆမတန် ဈေးနှိမ်၍ ဆစ်လိုက်ကြသေးတော့သည်။ ဒါနှင့်ပင် အားမရသေးသူများက ဤအမယ်ကြီးအိုကလေးအား "ရွှံ့ပိတ်ထားတဲ့နွားမ ပချုပ်သည်မ" စသည် ဖြင့် နှိမ့်နှိမ့်ချချ ခေါ်ဝေါ်လိုက်ကြသေးသည်မဟုတ်လော။

ကျွန်ဘဝမှ ကျွတ်လွတ်၍ ယခုအခါတွင် အမျိုးသားလွတ်လပ် ရေးကိုလည်း ကြေညာ၍ ပြီးစီးခဲ့ကြလေပြီ။ သို့ရာတွင် အမေသည် အဘယ် အရပ်မှာ ရှိသနည်း အမေ့အား လင်သားမောင်ဖားတို့၏ သုံ့ပန်းအဖြစ်မှ လွတ်ငြိမ်းခွင့် ပြုလိုက်ကြပါပြီလော။ အမျိုးသား လွတ်လပ်ရေးရခြင်းနှင့် အတူ အမေတစ်ယောက်ကော လွတ်လပ်ရေးရပါပြီလား။

## [ ၃ ]

အမျိုးသားများ လွတ်လပ်ရေးရခဲ့ကြပြီဖြစ်သော်လည်း အမေ၏ အတွက်ကား မဟုတ်သေးပါ။ ယခုထက်တိုင် အမေသည် သုံ့ပန်းဘဝ မှလည်း မလွတ်မြောက်ရသေးပါ။ သမ္မတ နိုင်ငံတော်၏ ရဲတိုက်အိုကြီး အတွင်း၌ ယနေ့ထက်တိုင် အမေသည် အကျဉ်းခံနေရတုန်း ဖြစ်သည်။ အကျဉ်းသားဘဝနှင့် အမျိုးမျိုးအဖုံဖုံ အညှဉ်းပန်း စော်ကားခံနေရတုန်း လည်းဖြစ်သည်။

mgyoe.com

mgyoe.com


သမိုင်းနှင့်အမျှ လင်သားမောင်ဖားများက ဤသို့ ညှဉ်းပန်း နှိပ်ကွပ်၍ ထားခဲ့ကြသည့်တိုင်အောင်လည်း အမေတစ်ယောက်ကတော့ သင်းတို့တစ်တွေ၏အပေါ်၌ အာဃာတဟူ၍ စိုးစဉ်းမျှမထား၊ ငြိုးမာန်လည်း အမေသည် မဖွဲ့တတ်။ မိခင်ပီပီ အမေသည် အစဉ်အမြဲ ခွင့်လွှတ်တတ်သည်။ သည်းညည်းလည်း ခံတတ်သည်။ သည်းညည်းလည်း ခံနိုင်ပါပေ့သည်။

ပုဂံခေတ်က ဉာဏ်ပညာ ထက်မြက်လှသည်ဟု ထင်ရှားကျော်ကြားခဲ့သော မိဖုရားစောသည် အမေ၏ အမေပင် မဟုတ်ပါလော။ မိုက်မဲသော နရသီဟပတေ့သည် ပညာဉာဏ်ကြီးမားသော ရာဇသင်္ကြံကို မျက်စဉ်ကလည် ကြီးတော်ကပင် ဝင်ရောက်ဖျန်ဖြေလျက် နိုင်ငံတော်ငြိမ်းချမ်းအောင် စွမ်းဆောင်ခဲ့သည်။ ကြီးတော်၏စကားကို မနာယူသော ရှင်ဘုရင်သည် ပုသိမ်သို့ပြေးရင်း အသက်ဆုံးရှုံးခဲ့ရပြီ မဟုတ်သလော။ ပင်းယအရပ်၌ မြို့တည်မည်ပြုစဉ်က ကြီးတော်ကိုပင် လာရောက်ပင့်ခေါ်ခဲ့ရသည်။

အင်းဝရွှေပြည်နှင့် ရာမညတိုင်းတို့ စစ်များခဲ့သော သမိုင်း၏အချိန်က အမေ၏ မောင်ဖားများသည် အမေ့အား အင်းဝရွှေနန်းသို့ စေလွှတ်၍ ကျွန်ခံစေခဲ့စဉ်ကလည်း အမေသည် ညည်းညူခြင်းမပြု၊ ရာမညတိုင်း၌ အမေမှ မကယ်တင်တော့လျှင် တိုင်းပြည်နှင့် အမျိုးသားများ ကစဉ့်ကလျားဖြစ်ရတော့မည့် တစ်ချိန်၌လည်း အမေသည် “ရှင်စောပု” ဟူသော ဘွဲ့နာမကို ရဲရဲဝံ့ဝံ့ခံယူလျက် ဘုရင်မကြီးအဖြစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ရာမညတိုင်းအား အေးချမ်းငြိမ်သက်အောင် အမေသည် ဉာဏ်အမြော်အမြင် ကြီးမားစွာဖြင့် ထိန်းခဲ့သည်။

အမျိုးမျိုး အဖုံဖုံ နှိပ်ကွပ်စော်ကားခြင်းကို ခံနေရသည်၏အကြားမှပင် အရေးအကြောင်း ရှိလာတတ်သော အချိန်ကာလများ၌ အမေသည် မိမိ၏ တိုင်းပြည်နှင့် အမျိုးသားများအတွက် စွမ်းစွမ်းတမံ ဤသို့ ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သည်သာ မဟုတ်သေး။ လင်သားမောင်ဖားတို့၏ ခြေတော်အတင်ခံနေရသည့်အကြားမှပင်လျှင် မိမိ၏ အမျိုးသားစာပေ ယဉ်ကျေးမှုများအတွက် တိုးတက်ရာ တိုးတက်ကြောင်း စွမ်းဆောင်ခဲ့သေးသည်။

မြန်မာစာပေလင်္ကာများ စတင်၍ ဖူးပွင့်ခဲ့သော အင်းဝခေတ်က

mgyoe.com

mgyoe.com


နန်းတွင်းသူ မိဖြူနှင့် မိညိုတို့သည် အမေ၏ ညီမသည်များ မဟုတ်ကြသလော။ တောင်ငူခေတ်က ပေါ်ထွန်းခဲ့ကြသော ရှင်ထွေး၊ တန်ဆောင်မိဖုရား၊ ပြည်မိဖုရားနှင့် စာတုကလျာတို့သည်လည်း အမေ၏ တူမများ ဖြစ်ကြလေသည်။ မြန်မာတို့၏ နောက်ဆုံးမင်းဆက်များ စိုးစံသွားခဲ့ကြသော ကုန်းဘောင်ခေတ်လည်း အမေ၏သမီးငယ်များဖြစ်ကြသော ရှင်ရှင်း၊ ခင်အုံမယ်ခွေး၊ မမြလေးနှင့် လှိုင်ထိပ်ခေါင်တင်တို့သည် အမျိုးသားစာပေ ယဉ်ကျေးမှု၏ ပွားများရာ ပွားများကြောင်းအတွက် အဘယ်မျှ စွမ်းဆောင်ခဲ့ကြပြီနည်း။

အမေ၏ စွမ်းပကားသည် ဤမျှသာလော။

ဗြိတိသျှနယ်ချဲ့သမားများ၏ ကိုလိုနီထမ်းပိုးကြီးကို မြန်မာတစ်မျိုးသားလုံး ရှန်းကန်ခါချကြသော အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးတစ်လျှောက်လုံးတွင်လည်း အမေသည် ကုန်ပစ္စည်းတစ်ခုနှင့်မခြား အရောင်းအဝယ် ပြုလုပ်ခြင်းခံနေရသည့် အကြားကပင် လင်သား မောင်ဖားများနှင့်အတူ ရင်ပေါင်တန်း၍ အမျိုးသားတို့၏ ရန်သူများကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့လေသည်။ အမေသည် အမျိုးသမီးအသင်းအဖွဲ့များကို ထူထောင်ဖွဲ့စည်းလျက် ရသမျှလက်နက်ကလေးများကို ကိုင်ဆွဲကာ လင်သားမောင်ဖားတို့နှင့်အတူ စစ်မြေပြင်သို့ ဆင်းခဲ့သည်မဟုတ်လော။

ဗြိတိသျှ ကိုလိုနီသမားများ၏ ဖိနှိပ်မှုကို လက်နက်ဆွဲကိုင်၍ ထကြွခဲ့ကြသော "သာယာဝတီ သူပုန်ကြီး" ကာလကလည်း အမေသည် မျိုးချစ်တပ်မတော်သားများအား နောက်ပိုင်းမှနေ၍ အမျိုးမျိုး အဖုံဖုံ ကူညီခဲ့သည်။ လင်သားမောင်ဖားတို့ ဦးကထမ်းသောခါ အမေသည် ပဲ့မှနေ၍ ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တို့၏ ကျူးကျော်မှုကို မြန်မာတစ်မျိုးသားလုံး ထကြွတွန်းလှန်ခဲ့စဉ်ကလည်း အမေသည် လင်သားမောင်ဖားများနှင့်အတူ သေနတ်ကိုင်ဆွဲကာ အဓမ္မ စနစ်ဆိုးကို တိုက်ခိုက်ခဲ့သည်။ လင်သား မောင်ဖားတို့နှင့်အတူ အမေ၏ ခန္ဓာကိုယ်မှ သွေးတို့သည် ယိုစီးခဲ့ရသည်သာမက မျက်ရည်တို့သည်လည်း အိုင်ထွန်းခဲ့ရပြီ မဟုတ်လော။

mgyoe.com

mgyoe.com

ဖက်ဆစ် ဆန့်ကျင်ရေး စစ်ပွဲကြီးအပြီးတွင် နောက်ထပ်တစ်ဖန် ကျွန်ပြုရန် ဝင်ရောက်လာခဲ့ကြပြန်သော ဗြိတိသျှ ကိုလိုနီသမားများအား မြန်မာတစ်မျိုးသားလုံး ခုခံတွန်းလှန်ကြစဉ်ကလည်း အမေသည် ညီမသည် နှင့် သမီးငယ်များကို တပ်ကြီးတပ်ငယ်ဖွဲ့ကာ လင်သားမောင်ဖားတို့နှင့်အတူ ကိုလိုနီသမားများအား သူရသတ္တိရှိရှိဖြင့် တိုက်ခိုက်ခဲ့သည်မဟုတ်လော။

ယခုအခါတွင် ဗြိတိသျှ ကိုလိုနီသမားများအား သူရသတ္တိဖြင့် ပြည့်စုံသော မြန်မာအမျိုးသားများက မြန်မာနိုင်ငံတော်မှ နှင်ထုတ်လိုက်ကြပြီးနောက် မိမိတို့၏ အမျိုးသား လွတ်လပ်ရေးကိုလည်း လူသိနတ်ကြား ကြေညာ၍ ပြီးစီးခဲ့လေပြီ။ ခေတ်သစ် သမ္မတနိုင်ငံတော်ကြီးတစ်ခုကိုလည်း တည်ထောင်ပြီးစီးလျက် "ဆိုရှယ်လစ်" နိုင်ငံတော်ကြီးကိုပင်လျှင် တည်ဆောက်ဦးမည်ဟူ၍လည်း ကမ္ဘာသိ၊ ကမ္ဘာကြား ကြေညာလျက်ရှိကြလေပြီ။

ဤသို့သော အခါသမယ၌ ကျွန်တော်သည် မွေးသမိခင်ကို လိုက်လံရှာဖွေမိသည်။ လူ့အနွယ်ကြီးကို မွေးထုတ်ထိန်းသိမ်းလာခဲ့ရသော ကျွန်တော်၏ အမယ်ကြီးအိုသည် အဘယ်မှာနည်း။ သမိုင်းနှင့်အမျှ သုံ့ပန်းဖြစ်လာခဲ့ရသော အဘွားကြီးအိုကို လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ကြပါပြီလား။ မြန်မာနိုင်ငံတော်၏ လူဦးရေထက်ဝက်မျှရှိသော အမေတို့သည် ခေတ်အမီဆုံးဖြစ်သော "ဆိုရှယ်လစ်" နိုင်ငံတော်ကြီးကို တည်ဆောက်လျက် ရှိနေပြီဆိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လင်သားမောင်ဖားတို့နှင့် အတူ ရင်ပေါင်တန်း ပါဝင်ဟည်ဆောက်နေကြပါပြီလော။

အမေရေ...အမေ...ဘယ်မှာလဲ။

## [ ၄ ]

ဤမြေကြီးပေါ်၌ ခေတ်အမီဆုံးနှင့် အတိုးတက်ဆုံးဖြစ်သော "ဆိုရှယ်လစ်" နိုင်ငံတော်ကြီး တည်ဆောက်မည်ဟု အဆိုရှိထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ထုထည်ကြီးမားလှသော ရဲတိုက်ကြီး တစ်လုံး ရှိလေသည်။ ထိုရဲတိုက်ကြီးသည် အလွန်တရာအိုမင်းလျက် များစွာ

mgyoe.com

mgyoe.com

ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော ရှေးဟောင်းအဆောက်အအုံကြီး တစ်ခုလည်း ဖြစ်လေသည်။ မြန်မာနိုင်ငံတော်သမိုင်း၏ ကျေးပိုင်ကျွန်ပိုင် ခေတ်များနှင့် မြေရှင်ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်များက လက်ရုံးအား ကိုးဖြင့် လူသားယောကျ်ားတို့ တည်ဆောက်ထားခဲ့ကြသော ရဲတိုက်ဟောင်း ကြီးဖြစ်ကြောင်း ဆိုရှယ်လစ်နိုင်ငံတော်ကြီး တည်ဆောက်တော့မည်ဟူ၍ ကမ္ဘာသိ၊ ကမ္ဘာကြား ကြေညာနေသည့်အချိန်မှာပင် ဤပဒေသရာဇ်ခေတ် ကြွင်းအဆောက်အအုံဟောင်းကြီးကို ရှင်းလင်းဖြိုဖျက်ခြင်း မပြုကြသေးပေ။ ဝေးလေစွ။ ဤရဲတိုက်အိုကြီး၏ ဘေးပတ်ပတ်လည်တွင် အစောင့်စစ်တပ် များ ထူထပ်စွာ ချထားလိုက်ကြသေးသည်။

ရဲတိုက်ဟောင်းကြီး၏ ညစ်ပတ်ပေရေလျက်ရှိသော အခန်းကျဉ်း ကလေးတစ်ခုတွင်း၌ကား ယနေ့ထက်တိုင် အမေသည် အကျဉ်းခံနေရတုန်း သာ ဖြစ်လေသတည်း။

•

mgyoe.com

mgyoe.com

# ပျူစောထီးနှင့် ငှက်ကြီး

[ ၁ ]

မောင်းပြန်လက်နက် အကောင်းဆုံးတစ်လက်ကို ယူငင်ကာ ရုတ်တရက် ပျောက်ကွယ်သွားသော "ငှက်ကြီး"အား ပျူစောထီးများသည် တောခြေ တစ်ဝိုက်တွင် ပိုက်စိပ်တိုက် လိုက်လံရှာဖွေလျက် ရှိကြလေသည်။ ၎င်း အပြလိုလို နေထိုင်တတ်သော ဆီဆုံကုန်းရွာကြီးတွင်လည်း အိမ်ပေါက်စေ့ မကျန် တစ်အိမ်တက်ဆင်း ရှာဖွေခဲ့ကြသည်။ အိမ်ပေါက်စေ့သွားသည့် တိုင်အောင် "ငှက်ကြီး"၏ အရိပ်အယောင်ကိုမျှ မတွေ့ရသောအခါ ပျူစော ထီးများသည် ငှက်ကြီးယယ်စဉ်က သင်ပုန်းကြီးသင်ကြားခဲ့သော ရွာဦးဘုန်း ကြီးကျောင်းကိုလည်း ဝင်ရောက် မွှေနှောက်ကြပြန်လေသည်။ သိမ်၊ ဥပုသ်၊ ဇရပ်နှင့် ကျက်သရေခန်းများသာမက ဘုန်းတော်ကြီး ကျိန်းစက်သော အခန်း အတွင်းသို့ပင် လက်နက်များ ကိုင်ဆောင်ဝင်ရောက်ကာ လှန်လှောရှာဖွေကြ လေသည်။ သို့ရာတွင် ငှက်ကြီးကိုကား သင်းတို့ မတွေ့ကြပေ။

ဆီဆုံကုန်းရွာ၌ ငှက်ကြီးကို အစအနမျှ မတွေ့ရသောအခါ ဆီဆုံ ကုန်းရွာနှင့် ခရီးတစ်တိုင်ခွဲသာသာခန့်ဝေးသော ညောင်ဝင်းရွာကလေးသို့ ချီတက်၍ ပျူစောထီးများသည် လေးဖက်လေးတန်မှ ဝိုင်းကြပြန်လေသည်။ ညောင်ဝင်းရွာ၌ ငှက်ကြီး၏ဒွေးလေး ဒေါ်အုံးခက်ရှိသဖြင့် ငှက်ကြီးသည်

mgyoe.com

mgyoe.com


၎င်း၏ဒွေးလေး ကောက်ရိုးပုံ၌ ပုန်းနေလို ပုန်းနေငြား ပျူစောထီးများသည် ဒေါ်အုန်းခက်၏အိမ်နှင့် ကောက်ရိုးပုံကို ရှေးဦးစွာ ဝင်ရောက်ရှာဖွေကြလေသည်။ ဒေါ်အုန်းခက်၏ အိမ်ကလေးနှင့် ကောက်ရိုးပုံကလေးပါ ဖွတ်ဖွတ်ညက်ညက်သာကျေ၍ ငှက်ကြီးအား မတွေ့ရပြန်သောအခါ ၎င်းတို့ သက်ာမကင်းသော အိမ်လေးငါးခြောက်အိမ်ကို တရကြမ်း ဝင်ရောက်ရှာဖွေကြပြန်သေးသည်။

ညောင်ဝင်းရွာ၌ ငှက်ကြီးအား လှန်လှောရှာဖွေ၍ မတွေ့ကြပြန်သောအခါ အခဲမကျေနိုင်သေးသော ပျူစောထီးများသည် တောင်ခြေနှင့်ကပ်နေသော အင်ကြင်းခင်ရွာသို့ မမောမပန်း ချီတက်သွားကြပြန်လေသည်။ အင်ကြင်းခင်ရွာကား တောင်ခြေတစ်ဝိုက်တွင် အဆင်းရဲ အမွဲခေါင်ဆုံးရွာဖြစ်သည်။ လယ်လုပ်ငန်းပင်မရှိ၊ ယာသမားများသာ များလေသည်။ အင်ကြင်းခင်၌ အိမ်ခြေသုံးဆယ် သာသာခန့်မျှရှိရာ "သောင်းကျန်းသူများကိုတိုက်ခိုက်နှိမ်နင်းရန် ဖွဲ့စည်းတည်ထောင်ထားရပါသည်" ဆိုသော လက်နက်ကိုင်များသည် တစ်အိမ်မျှ ချမ်းသာမပေးကြဘဲ ဝင်ရောက်မွှေနှောက်ကြပြန်လေသည်။ ပျူစောထီးများ အင်ကြင်းခင်ရွာမှ ထွက်ခွာသွားကြသောအခါ "ငှက်ကြီး"ကိုသာ မရရှိသွားသော်လည်း ဆင်းရဲမွဲတေလှသော အင်ကြင်းခင်ရွာသူအချို့သည် ငိုယို၍ ကျန်ရစ်ခဲ့ကြလေသည်။ အဘယ်ကြောင့်တော့ကားမသိပေ။

နံနက်လင်းကတည်းက "ငှက်ကြီး"အား လိုက်လံရှာဖွေလျက်ရှိသော ပျူစောထီးများသည် အင်ကြင်းခင်ရွာမှ ထွက်ခွာသွားကြသောအခါ နေစွယ်သည်ပင် အတော်ကလေးကျိုးလျက် ရှိပေပြီ။ ပင်ပန်းရသလောက် တွက်ချေကိုက်ပုံမရသော တပ်သားများသည် မိမိတို့၏ သပြေကန်ရွာမသို့ ပြန်ချင်လျက်ရှိနေကြပေပြီ။ သို့ရာတွင် ပြန်ချင်လျက် ရှိနေကြလေပြီ။ သို့ရာတွင် ရန်ငြိုးကြီးမားလျက် ရှိနေပုံရသော ပျူစောထီး ဗိုလ်ကြီးဖြစ်သူ ချစ်တီးသည် တောင်ခြေတစ်ဝိုက်တွင် ကျန်ရှိနေသေးသော ရွှေလောင်းနှင့် ပေပင်ကုန်းရွာသို့ ဆက်လက်ချီတက်ရန် ၎င်း၏တပ်သားများကို ဆဲဆိုအော်ဟစ်၍ အမိန့်ပေးနေသဖြင့် ပျူစောထီးတပ်သားများသည် မချီတက်ချင်၊ ချီတက်

mgyoe.com

mgyoe.com


ချင်နှင့် အင်ကြင်းခင်နှင့် ခရီးတစ်တိုင်ပျော့ပျော့ခန့်ဝေးသော ရွှေလောင်းရွာသို့ အားခဲ၍ ချီတက်ကြရပြန်လေသည်။

ရွှေလောင်းရွာ၌ ပျူစောထီးများသည် ငှက်ကြီးအား တစ်နာရီသာသာခန့် ရှာဖွေကြလေသည်။ သို့ရာတွင် ငှက်ကြီးကိုကား တွေ့ဖို့ဝေးစွ၊ ငှက်ချေးကိုပင် မတွေ့ရှိကြပေ။

ရွှေလောင်းရွာမှ ပျူစောထီးများ ဆုတ်ခွာလာကြသောအချိန်၌ နေဝင်လျက် မှောင်စပျိုးလျက် ရှိချေပြီ။ သို့ရာတွင် ပျူစောထီးဗိုလ်ကြီးဖြစ်သူ ချစ်တီးသည် ခြေကုန်လျက်ရှိသော ၎င်း၏တပ်သားများကို ၎င်း၏မောင်းပြန်သေနတ်အား မောင်းတင်လျက် အော်ဟစ်ကြိမ်းမောင်း၍ ပေပင်ကုန်းရွာသို့ ထပ်မံ၍ ချီတက်ခိုင်းပြန်လေသည်။ ပျူစောထီးတပ်သားများသည် ၎င်းတို့ ဗိုလ်ကြီး၏အကြောင်းကို ကောင်းစွာ သိရှိထားကြသူများဖြစ်သည့်အလျောက် မသိမသာနှင့်ပင် နောက်ထပ်၍ ခရီးတစ်တိုင်ခန့်ဝေးသော ပေပင်ကုန်းရွာသို့ ချီတက်ကြရပြန်လေသည်။ ပေပင်ကုန်းသို့ ဗိုလ်ချစ်တီးနှင့် ပျူစောထီးတပ်သားများ ဝင်ရောက်လုဆဲဆဲအချိန်သည် ညအတော်ကလေး မှောင်နေပြီဖြစ်သဖြင့် ပေပင်ကုန်းရွာ ကာကွယ်ရေးများသည် ရုတ်တရက်အားဖြင့် သူ့လူ၊ ကိုယ့်လူဟု မခွဲခြားနိုင်ကြသောကြောင့် ရွာထိပ်မှဆီး၍ ၎င်းတို့၏ ကာကွယ်ရေးလက်နက်ကလေးများဖြင့် စတင်ပစ်ခတ်ကြလေသည်။ ပေပင်ကုန်း ကာကွယ်ရေးများက စတင်ပစ်ခတ်ကြသဖြင့် ရွာအတွင်း၌ သူပုန်များ ဝင်ရောက်နေပြီဟု ရုတ်တရက် ကောက်ချက်ချကာ ဗိုလ်ချစ်တီးနှင့် ပျူစောထီးတပ်သားများကလည်း မိမိတို့၏ လက်နက်များဖြင့် တရကြမ်း ပစ်ခတ်ကြလေသည်။ တောင်ခြေတစ်ပိုက်တွင် သေနတ်သံများဖြင့် ဆူညံ၍သွားသည်။ တစ်ဖက်နှင့်တစ်ဖက် နာရီတစ်မတ်သာသာခန့်လောက် မီးကုန်ယမ်းကုန် ပစ်ခတ်ကြပြီး၍ ယမ်းတောင့်အတော်ကလေးကုန်သွားတော့မှပင် မိမိတို့ အချင်းချင်း မှားယွင်းပစ်ခတ်မိကြသောအဖြစ်ကို နှစ်ဦးနှစ်ဖက်စလုံးက သိရှိကြလေသည်။ အပစ်အခတ် ရပ်သွားသောအခါ ပျူစောထီးဗိုလ်ကြီး ချစ်တီးသည် မိမိတို့ ငှက်ကြီးအား လာရောက်ရှာဖွေခြင်းကို မသိတန်ကောင်းပဲ မှားယွင်းပစ်ရကောင်းလားဟုဆိုကာ ပေပင်ကုန်း

mgyoe.com


ကာကွယ်ရေးများလက်ဝယ်မှ သေနတ်ခုနစ်လက်ကို သိမ်းယူလိုက်လေသည်။ ထိုမျှနှင့်ပင် အမျက်မပြေနိုင်သေးဘဲ ပေပင်ကုန်းကာကွယ်ရေးများနှင့် လူကြီးများကိုလည်း မအေနှင့် နှမလုပ်သူများပင် မခံနိုင်လောက်အောင် ရှန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းနေပြန်လေသတည်း။

[ ၂ ]

ပျူစောထီးများ ငက်ကြီးအား တောင်ခြေတစ်ဝိုက်တွင် လိုက်လံဖမ်းဆီး၍ မရရှိခြင်းမှာ ငက်ကြီး အစွမ်းကောင်းလွန်း၍တော့ကား မဟုတ်ပေ။ ငက်ကြီးသည် သူများနည်းတူ လူတစ်ယောက်မျှသာ ဖြစ်သည်။ သို့ရာတွင် တပ်တောင်တာဗိုလ်ထုနှင့် လိုက်လံ ဖမ်းဆီးနေသည့်အကြားမှ ငက်ကြီးသည် အဘယ်သို့သော အစွမ်းအစဖြင့် လွတ်မြောက်သွားခဲ့သနည်း။ အဘယ့်ကြောင့် ပျူစောထီးများက ငက်ကြီးအား ဖမ်းဆီးရမိခြင်း မရှိခဲ့ကြသနည်း။

ငက်ကြီးအား တောင်ခြေတစ်ဝိုက်တွင် ဗိုလ်ကျနေသော ပျူစောထီးများ ဖမ်းဆီးရမိခြင်း မရှိသည်မှာ အခြားအကြောင်းကြောင့်ကား မဟုတ်ပေ။ ငက်ကြီး တောခိုသွားသောကြောင့်သာ ဖြစ်ပေသတည်း။

တောင်ခြေနှင့် အနီးကပ်ဆုံးဖြစ်သော အင်ကြင်းခင်ရွာနှင့် ခရီးသုံးတိုင်သာသာခန့်လောက် ဝေးမည်ဖြစ်သော တောင်ပေါ်ကရင်ရွာကလေးတစ်ရွာတွင် သူပုန်များ အခိုင်အမာ တပ်စွဲလျက်ရှိကြလေသည်။ ငက်ကြီးသည် ပျူစောထီးများနှင့် မသင့်မမြတ်ဖြစ်လျှင် အားကိုးအားထားခြင်းပြုနိုင်သော သူပုန်များရှိရာ တောင်ပေါ်ကရင် ရွာသို့ လက်ဦးအောင် ပြေးလွှားနိုင်ခဲ့သောကြောင့် ၎င်းသည် ပျူစောထီးများ၏ ပစ်ကွင်းဘဝမှ လွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ ၎င်းအပြင် ပျူစောထီးနယ်မြေ၌ အနေရကျပ်လျှင် ပျူစောထီးနယ်မြေ မဟုတ်သော သူပုန်နယ်မြေသို့ ပြေးလွှားခိုဝင်ရန်မှာလည်း များစွာလွယ်ကူသော အလုပ်ဖြစ်သည်။ သူပုန်နယ်မြေမှ ပျူစောထီးနယ်မြေသို့ဝင်လျှင် "အလင်းရောက်သည်"ဟု ဆို၍ ပျူစောထီးနယ်မြေမှ သူပုန်နယ်မြေသို့ ဝင်လျှင် တောခိုသည်ဟု ဆိုရိုးရှိကြလေသည်။ အလင်းသို့ဝင်ရောက်ရသောအလုပ်နှင့် တောခိုဝင်ရောက်ရသော အလုပ်သည် "ငက်

mgyoe.com

ကြီး" ကဲ့သို့သော ပြည်ထောင်စုသားတစ်ဦးတစ်ယောက်အတွက် ဘာမျှ ခဲယဉ်းသော အလုပ်ကား မဟုတ်ပေ။ ငှက်ကြီးသည် တောင်ခြေတစ်ဝိုက်တွင် လက်ပြင်ကြောတင်းအောင် မည်သည့်အလုပ်အကိုင်မျိုးကိုမှ မလုပ်ကိုင်ဘဲ ဆိုးခိုးတိုက်ခိုက်၍ စားသောက်နေထိုင်လာခဲ့သော လူဆိုးစာရင်းဝင်တစ်ဦး ဖြစ်လေသည်။ ဓားပြတိုက်မှုတစ်မှုအတွက် သူ့အား ပုလိပ်များက လိုက်လံဖမ်းဆီးကြသောအချိန်က သူသည် ရာဇဝတ်ဘေးမှ လွတ်ကင်းရာ လွတ်ကင်းကြောင်းအတွက် တောခိုသွားဖူးလေသည်။ သူပုန်နယ်မြေတွင် ငှက်ကြီး ခြောက်လခန့်မျှ ဘာတွေလုပ်ကိုင်နေသည်ဆိုသော သတင်းကိုကား မသိခဲ့ကြရပေ။ သူပုန်များနှင့် ဆန့်ကျင်ဘက်တစ်ခုခု လုပ်ကိုင်ခဲ့၍လားတော့ မသိပေ။ နိုင်ငံတော်အစိုးရမင်းများ၏ တတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ပေးသော အချိန်တွင် ငှက်ကြီးသည် ထိုအခွင့်အရေးကိုယူကာ အလင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့လေသည်။ ငှက်ကြီးသည် အမြင်မှန်ရရှိကာ အလင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် အစားရချောင်သော ဗ–တ–လ–စ သို့ဝင်ပြန်ကာ ကျေးရွာကာကွယ်ရေးနှင့် ပြောက်ကျားလည်း လုပ်ကိုင်စားခဲ့လေသည်။ ကာကွယ်ရေးနှင့် ပြောက်ကျားများ၏ ဟောသရမ်းလှသော လူထုဆန့်ကျင်ရေး အပြုအမူများကြောင့် ပျူစောထီးဟူ၍ နာမည်သစ်ပြောင်းလိုက်ပြန်သောအခါ၌ ငှက်ကြီးသည် ပျူစောထီး ဖြစ်လာခဲ့ပြန်သည်။ တောင်ခြေတစ်ဝိုက်တွင် အပိုင်စားရနေသော ဗိုလ်ချစ်တီး၏ ပျူစောထီးတပ်ဖွဲ့တွင် ငှက်ကြီးသည် တပ်သားကြီးတစ်ယောက် ဖြစ်လေသည်။ သို့ရာတွင် များမကြာမီက ၎င်းတို့ ထုံးစံအတိုင်းရှာဖွေ၍ ရရှိလာခဲ့သော လုပ်ငန်းတစ်ခုမှ ပစ္စည်းများကို ခွဲဝေယူငင်ကြရာ၌ ချစ်တီးကသာလျှင် ဗိုလ်ကျ၍ လက်ဝါးကြီးအုပ် ယူငင်သဖြင့် သတ္တိအနည်းအကျဉ်းရှိသော ငှက်ကြီးနှင့် တစ်ယောက်တစ်ခွန်း စကားများကြလေသည်။ ဤသို့ ပစ္စည်းအဝေမတည့်၍ တစ်ယောက်တစ်ခွန်း စကားများကြရာမှ တစ်ဦးနှင့်တစ်ဦး ပစ်လားခတ်လား လုပ်ကြတော့မည်အထိ ဖြစ်လာသောအချိန်တွင် ဘေးလူများက ဝိုင်းဝန်းတားဆီးကြသဖြင့် သွေးထွက်သံယို မဖြစ်ခဲ့ကြခြင်းဖြစ်လေသည်။ ဤသို့ ဗိုလ်လုပ်သူနှင့် မသင့်မတင့်ဖြစ်လျှင် ၎င်း၏ သက်ဆိုးရှည်ရန် လမ်းစ

mgyoe.com

mgyoe.com


မရှိတော့သည်ကို ရိပ်မိပြီဖြစ်သော ငှက်ကြီးသည် ချစ်တီးက ၎င်းအား အဆုံး မစီရင်နိုင်မီ အလစ်တွင် မောင်းပြန်သေနတ် အကောင်းဆုံးတစ်လက်နှင့် ယမ်းတောင့်များကို ရနိုင်သမျှယူငင်ကာ ပျူစောထီးများ အပိုင်စားနေကြ သော တောင်ခြေတစ်ဝိုက်မှ ထွက်ပြေးလွတ်မြောက်၍ သူပုန်နယ်မြေသို့ ဝင်ရောက်သွားခြင်း ဖြစ်လေသည်။ ဤသို့ ငှက်ကြီး တောခိုသွားသည့် အတွက်နှင့်ပတ်သက်၍ ၎င်းအား အပြစ်တင်ကြဦးမည်ဆိုပါက အပြစ်တင် လိုသူ၏ သဘောမျှသာ ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ငှက်ကြီး သည် သူများနည်းတူ အသက်ရှင်နေချင်သော လူတစ်ယောက်ပင် ဖြစ်နေ သောကြောင့်တည်း။

[ ၃ ]

သူပုန်များအား ထိုးစစ်ဆင်တိုက်ခိုက်၍ အပြုတ်ချေမှုန်းရန် အတွက် ၎င်းတို့အား အထူး စိတ်ချယုံကြည်စွာဖြင့် ပေးအပ်လိုက်သော မောင်းပြန်သေနတ်ကို ခိုးယူ၍ သူပုန်နယ်မြေသို့ ဝင်ရောက်သွားသော ငှက်ကြီးအား နိုင်ငံတော်အစိုးရမင်းများထက်ပင် ပျူစောထီးဗိုလ်ကြီး ချစ်တီး သည် အခဲမကျေဖြစ်လျက် ရှိသည်။ ငှက်ကြီးအား တောက်တောက်စင်း၍ အစိမ်းလိုက် ဝါးစားလိုက်ချင်သော ဗိုလ်ချစ်တီးသည် ငှက်ကြီးအား လက်ခံ ထားသော သူပုန်စခန်းရှိရာ တောင်ပေါ်ကရင် ရွာကလေးကိုပင် သွားရောက် တိုက်ခိုက်၍ ငှက်ကြီးအား ဖမ်းယူလာရန်အထိ ကြံစည်ခဲ့လေသည်။ သို့ရာ တွင် ပြောက်ကျား တိုက်ခိုက်ရေးတွင် များစွာ ကျင်လည်လှသော သူပုန်များ အား ၎င်းတို့နယ်မြေအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းအားဖြင့် မိမိတို့ သာလျှင် အအုပ်ခံရမည့်အကြောင်းကို တပ်သားများက ပြောဆို၍ ဝိုင်းဝန်း ကန့်ကွက်ကြသောကြောင့်သာလျှင် ပျူစောထီး ဗိုလ်ကြီးချစ်တီးသည် နောက် ဆုတ်လိုက်ရခြင်း ဖြစ်လေသည်။ ငယ်သားများက ခိုင်လုံသောအကြောင်း ကိုပြ၍ ကန့်ကွက်လိုက်ကြခြင်းကြောင့်သာလျှင် ချစ်တီးသည် ငှက်ကြီးအား ဖမ်းဆီးရန် အကြံအစည်ကို လျှော့ပေါ့ထားလိုက်ရသော်လည်း ၎င်း၏ရင်ထဲ၊ အသည်းထဲတွင်ကား သစ္စာဖောက် ငှက်ကြီးအပေါ်၌ မကျေမချမ်းနိုင်ပေ။

mgyoe.com

mgyoe.com

မေ့ပျောက်၍လည်း မရနိုင်ပေ။

ဤသို့ အချင်းဖြစ်ပွားလာခဲ့ပြီးသည့်နောက် တစ်လသာသာ၊ နှစ်လခန့်အချိန်တွင် တောင်ခြေရွာသားများသည် ငှက်ကြီး၏အကြောင်းကိုပင် မေ့လျော့စပြုလာကြလေသည်။ ရွာသားများသာလျှင် မဟုတ်သေး၊ ပျူစောထီးတပ်သားများပင်လျှင် သစ္စာဖောက် ငှက်ကြီး၏အကြောင်းကို မေ့လျော့စပြုလေပြီ။ သို့ရာတွင် ချစ်တီးကား မမေ့နိုင်သေးပေ။

၎င်းအား ခွာရာချင်းတိုင်း၍ အာခံသည့်အပြင် ၎င်း၏ အကောင်းဆုံး မောင်းပြန်သေနတ်တစ်လက်ကိုပါ ယူငင်သွားပြီးနောက် ရန်သူအားပေးပြုလုပ်သွားခဲ့သော သစ္စာဖောက် ငှက်ကြီးအပေါ်၌ ပျူစောထီးဗိုလ်ကြီးချစ်တီးသည် အဘယ်သို့ ကျေချမ်းမေ့ပျောက်နိုင်ပါ့မည်နည်း။ တစ်နေ့သောအခွင့်သာသည့် တစ်ချိန်တွင် မိမိအား ဇီဝိန်ဖြုတ်နိုင်က ဖြုတ်နိုင်လိမ့်မည်ဖြစ်သော ငှက်ကြီးအား ချစ်တီးသည် အဘယ်သို့လျှင် ပေါ့ပေါ့ဆဆသဘောထားနိုင်ပါမည်နည်း။ ထို့ကြောင့် ချစ်တီးသည် ငှက်ကြီး၏သတင်းကို အမြဲတစေ နားထောင်လျက်သာ ရှိနေခဲ့ပေသည်။

မောင်းပြန်သေနတ်တစ်လက်နှင့် ငှက်ကြီး တောခိုသွားပြီးနောက်နှစ်လသာသာခန့်အကြာ တစ်ညသည၌ တောင်ခြေနှင့် အနီးကပ်ဆုံးဖြစ်သောအင်ကြင်းခင်ရွာအနီးသို့ အလွန်တရာ ပိန်ချုံးလျက် စုတ်စုတ်ပြတ်ပြတ်အဝတ်အစားများနှင့် လူတစ်ယောက်သည် ၎င်း၏ရင်ခွင်ထဲတွင် အထုပ်တစ်ထုပ်ကို ယုယုယယ ပိုက်ထွေးကာ ချဉ်းကပ်လျက်ရှိလေသည်။ ထိုသူသည် လောကကြီးတစ်ခုလုံးနှင့်တကွ အလင်းရောင်ကို များစွာ ထိတ်လန့်ကြောက်ရွံ့လှသည့်ပမာ မှောင်ရိပ်များတွင် ခိုကပ်ကာ ဟိုကြည့်ဒီကြည့်နှင့် အင်ကြင်းခင်ရွာအနီးသို့ ချဉ်းကပ်၍ လာလေသည်။

ညသည် မှောင်မည်း၍နေသော်လည်း ကြယ်ရောင်များရှိသဖြင့် ဝိုးတဝါး ဖြစ်နေသည်။ ဝတ္ထုပစ္စည်းတစ်ခုခုကို လေးငါးဆယ်ကိုက်လောက်အတွင်းသာလျှင် ခပ်ဝါးဝါး မြင်နိုင်သော်လည်း ထို့ထက် ဝေးကွာလျှင်ကား ဘာမျှ မမြင်ရတော့ပေ။

ထိုအချိန်ဝယ် အင်ကြင်းခင်ရွာအတွင်း၌ တောင်ပေါ်ကရင်ရွာနှင့်

mgyoe.com

mgyoe.com


သူပုန်များသတင်းကို လာရောက်စုံစမ်းနေကြသော ချစ်တီးနှင့် ၎င်း၏ ပျူစောထီးတပ်သားများသည် အင်ကြင်းခင်ရွာခေါင်းနှင့် ကာကွယ်ရေးမှူး အိမ်တွင် ဝက်တစ်ကောင်ရိုက်၍ အရက်များဖြင့် ချက်ပြုတ်စားသောက် လျက်ရှိကြသည်။ လွန်ခဲ့သော သုံးလေးရက်ခန့်က လေတပ်မှ သူပုန်များ ခိုအောင်းနေသော တောင်ပေါ်ကရင်ရွာကလေးအား ဗုံးကြဲ၍ စက်သေနတ် နှင့်ပစ်ခတ်လိုက်သဖြင့် ကရင်အမျိုးသားလင်မယားနှစ်ဦးသည် အင်ကြင်း ခင်ရွာသို့ ပြေးလွှားရောက်ရှိလာလေသည်။ ချစ်တီးနှင့် ပျူစောထီးများသည် ထိုကရင်အမျိုးသားလင်မယားထံမှ သူပုန်များ၏ အခြေအနေနှင့် ငှက်ကြီး ၏သတင်းကို လာရောက်စုံစမ်းနေကြခြင်းလည်း ဖြစ်လေသည်။

ချစ်တီးနှင့် ပျူစောထီးများသည် လေတပ်က ဗုံးကြဲ၍ စက်သေနတ် နှင့် ပစ်ခတ်တိုက်ခိုက်လိုက်သဖြင့် သူပုန်ဘက်မှရော၊ ကရင်ရွာမှရော လူ အတော်များများ ထိမှန်သူထိမှန်၊ သေဆုံးသူ သေဆုံးကြသော သတင်းများ ကို ကြားသိရသည့်အတွက် ဝက်တစ်ကောင်ရိုက်၍ အရက်ဖြူနှင့် အောင်ပွဲ စားသောက်နေကြခြင်း ဖြစ်လေသည်။

ဤကဲ့သို့ အင်ကြင်းခင်ရွာအတွင်း၌ ပျူစောထီးများ အောင်ပွဲခံ မူးယစ်သောက်စားလျက် ရှိနေကြစဉ် ခပ်စောစောက မှောင်ရိပ်များကို ခို ကပ်၍ အထုပ်တစ်ထုပ်ကို ထွေးပိုက်ကာ အင်ကြင်းခင်ရွာအနီးသို့ ချဉ်းကပ် လျက်ရှိသော လူတစ်ယောက်သည် ရွာအစွန်ဘက်ရှိ အိမ်တစ်အိမ်အနီး သို့ ရောက်ရှိလာလေသည်။ ထိုသူသည် ဘယ်သူဘယ်ဝါမှန်း မသိပေ။ သို့ရာတွင် အဝတ်အစားများ စုတ်ပြတ်လျက် အလွန်တရာ ပိန်ချုံးနေသော လူတစ်ယောက်ဖြစ်သည်။ ၎င်းအပြင် ထိုသူ၏ ရင်ခွင်ထဲ၌လည်း လှုပ်တုပ် လှုပ်တုပ်နှင့် အထုပ်တစ်ထုပ်လည်း ပါလာသည်။

ထိုသူသည် ရွာအစွန်ဘက်ရှိ အိမ်ကလေးဆီသို့ ချဉ်းကပ်ဝင် ရောက်ခြင်းမပြုမီ ထိုအိမ်အနီးရှိ ငုပင်ရိပ်တွင် အတန်ကြာမျှ ခိုကပ်ကာ ဘေးပတ်ဝန်းကျင်မှ လှုရိပ်လှုခြည်ကို သတိကြီးစွာဖြင့် အကဲခတ်ကြည့်ရှု လျက် ရှိလေသည်။ ထိုရွာစွန်ဘက်ရှိ အိမ်နှင့် မလှမ်းမကမ်းတွင်ကား ရွာခေါင်း၏အိမ် ရှိလေသည်။ ရွာခေါင်း၏အိမ်၌ကား ဗိုလ်ချစ်တီးနှင့်

mgyoe.com

mgyoe.com


ပျူစောထီးများသည် ဒူးခေါင်းနီးပါးလောက်ရှိသော ဝက်သားတုံးကြီးများကို အရက်ဖြူနှင့် စားသောက်လျက် ရှိကြလေသည်။

ငုပင်ရိပ်တွင် ခိုကပ်ကာ လူသူအရိပ်အခြည်ကို ကြည့်နေသည့်အခိုက် ထိုသူ၏ ရင်ခွင်ထဲ၌ ထွေးပိုက်ထားသော အထုပ်ကလေးသည် ပိုမို လှုပ်ရှားလာပြီးနောက် ထိုအထုပ်အတွင်းမှ စူးစူးဝါးဝါး ငိုချလိုက်သော ကလေးငိုသံသည် တိတ်ဆိတ်သော ညအချိန်နှင့် ပတ်ဝန်းကျင်တွင် စူးစူးဝါးဝါး ထွက်ပေါ်၍လာလေသည်။

"ဟိုက်..." ထိုသူ၏ပါးစပ်သည် ရုတ်တရက် ဟသွားသည်။ ထိုသူသည် ၎င်း၏ အထုပ်တွင်းမှ ကလေးအား အငိုရပ်စဲသွားအောင် တတ်သမျှ မှတ်သမျှ ချော့မော့ကြည့်နေရှာသည်။ သို့ရာတွင် ဆာလောင်၍လော၊ နာကျင်၍လောမသိ ကလေးသည် ရုန်းကန်လျက် အော်ဟစ်ငိုယိုမြဲ ငိုယိုနေလေသည်။ ထိုသူသည် အငိုမစဲသော ကလေးအား ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် စိတ်ရှုပ်ထွေးလျက်ရှိနေစဉ် "ဟေ့... ဘယ်သူလဲ" ဟူသော အသံကိုကြားလိုက်ရသဖြင့် ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် သတိလစ်၍သွားလေသည်။

မကြာမီ မှောင်ရိပ်အတွင်းမှ သေနတ်ကိုင် ပျူစောထီးသုံးလေးယောက်တို့သည် ထိုသူအား သေနတ်များဖြင့် ချိန်ရွယ်ကာ ဝိုင်းထားလိုက်ကြလေသည်။

ထိုသူ၏ ရင်ခွင်တွင်းမှ ကလေးငယ်သည် စူးစူးဝါးဝါး ငိုယိုမြဲငိုယိုလျက်ရှိသည်။ ငိုယိုနေသော ကလေးကတစ်ဖက်နှင့် သေနတ်များဖြင့် ချိန်ရွယ်ဝိုင်းထားကြသော ပျူစောထီးများ၏အကြားတွင် ထိုသူသည် ဦးခေါင်းကျိုးကျသွားလေသည်။ ထွက်ပေါက်ကား မရှိတော့ပေ။

ပျူစောထီးများသည် သေနတ်များဖြင့် ချိန်ရွယ်ကာ ငုပင်ရိပ်မှ ထိုသူ၏အနီးသို့ ကပ်၍လာကြသည်။

"ဟေ့... ဘယ်သူလဲ၊ ဘယ်က ကလေးလဲ"

"ဟာ... ငှက်ကြီးပါလား"

"ဟင်... ငှက်ကြီးလား"

mgyoe.com

mgyoe.com

မကြာမီ ငှက်ကြီးကို ပျူစောထီးများ ဖမ်းဆီးရမိသွားပြီဆိုသော သတင်းသည် အင်ကြင်းခင်ရွာထဲ၌ ပြန့်နှံ့၍သွားလေသည်။ ငှက်ကြီးအား ဖမ်းဆီးရလိုက်ကြသော ပျူစောထီးတပ်သားများသည် ငှက်ကြီးအား ၎င်းတို့၏ ဗိုလ်ကြီးရှိရာ ရွာခေါင်းအိမ်သို့ ခေါ်ဆောင်လာခဲ့ကြသည်။

နောက်ဆုံး၌ ငှက်ကြီးသည် ၎င်းအား ငြိုးမာန်ကြီးစွာဖြင့် လိုက်လံရှာဖွေလျက်ရှိသော ပျူစောထီးဗိုလ်ကြီး ချစ်တီး၏ရှေ့တွင် တရားခံအဖြစ် ရပ်လိုက်ရလေသည်။ ရွာသားများသည် ရွာခေါင်းအိမ်သို့ စုရုံးရောက်ရှိလာကြပြီးလျှင် ငှက်ကြီးအား ဝိုင်း၍ကြည့်ရှုလျက် ရှိကြလေသည်။

"မင်း ပြေးလို့ လွတ်နိုင်သေးရဲ့လား ဟေ့...ငှက်ကြီး" ဟု ချစ်တီးက ငှက်ကြီးအား ခြေထောက်နှင့်ကန်ရင်း မေးလေသည်။

"ရှည်ရှည်ဝေးဝေး မေးမနေပါနဲ့တော့ကွာ၊ မင်းတို့ ငါ့ကို ဖမ်းမိထားပြီပဲ။ မင်းတို့ ကြိုက်သလို လုပ်ကြပေါ့"ဟု ငှက်ကြီးက မတုန်မလှုပ် ပြန်ပြောလိုက်လေသည်။

"မင်းကို မြေလေးအောင် ကြာကြာမထားပါဘူးကွ စိတ်သာချပါ"

"လူဟာ သေတစ်နေ့၊ မွေးတစ်နေ့ပါ ချစ်တီးရာ။ သေရမှာကြောက်ရင် ငါ့ကိုယ်ငါ အမွေးတောင် မခံခဲ့ဘူးကွ"

"မင်း ရင်ခွင်ထဲက အထုပ်က ဘာအထုပ်လဲကွ"

"ကလေးကွ၊ ဒီကလေးကြောင့် မင်းတို့ ငါ့ကို ဖမ်းမိကြတာပေါ့ကွာ။ ဒါပေမဲ့ ဒီကလေး အသက်ရှင်နေနိုင်ဖို့အတွက် ငါ့အသက်တစ်ချောင်းကို မနှမြောပါဘူး"

"ဘယ်က ကလေးလဲ"

"လေတပ်က ဗုံးကြဲပြီး စက်သေနတ်နဲ့ ပစ်တဲ့နေ့က သူ့အမေကို မှန်သွားတယ်။ ဒီကလေးကို ဘယ်သူမှလည်း မမွေးနိုင်ကြဘူး။ ဟိုမှာသာ ဆက်ထားရင် လူ့အသက်တစ်ချောင်း အလဟဿဆုံးရှုံးရမှာမို့ ငါကိုယ်တိုင် တစ်ယောက်ယောက်ကို ပေးရအောင် ယူလာခဲ့တာပဲ"

"ဘယ်သူ့ကလေးလဲကွ"

"ကရင်မကြီးတစ်ယောက်ရဲ့ ကလေးပဲ။ ရွာလည်း ပျက်ပြီး လူတွေ

mgyoe.com

mgyoe.com

လည်း ပြေးမိပြေးရာ ပြေးကုန်ကြလို့ ဒီကလေးကို မွေးမယ့် ကြည့်မယ့်လူ မရှိတော့ဘူး"

"ဒါဖြင့် ဒီကလေး ငါ့ကိုပေးစမ်းကွာ၊ ငါ့မိန်းမလည်း ကလေး တစ်ယောက်မှ မမွေးတာ မင်း သိသားပဲ။ ဒီကလေး ငါမွေးမယ်"

ငှက်ကြီးသည် ဝမ်းမြောက်ဝမ်းသာ ၎င်း၏ ရင်ခွင်တွင်းမှ ကလေး ငယ်အား လှမ်း၍ပေးလိုက်သည်။ ချစ်တီးသည် ငှက်ကြီးလက်မှ ကလေးကို လှမ်းယူလိုက်ပြီးနောက် ရွာခေါင်း၏မိန်းမအား ခေတ္တကြည့်ရှုထားရန် ပြော ဆို၍ လှမ်းပေးလိုက်သည်။

ငါးမိနစ်ခန့်ကြာသောအခါ ဗိုလ်ချစ်တီးနှင့် ပျူစောထီးတပ်သား များသည် ငှက်ကြီးအား အင်ကြင်းခင်ရွာအပြင်သို့ ထုတ်သွားကြလေသည်။ ထိုသို့ ငှက်ကြီးအား ထုတ်သွားပြီးနောက် ကွမ်းတစ်ယာညက်ခန့် မကြာမီ အတွင်း အင်ကြင်းခင်ရွာ၏ တစပြင်ဘက်ဆီမှ သေနတ်သံ လေးငါးချက်ကို ဆူညံစွာ ကြားလိုက်ရလေသတည်း။

●

mgyoe.com

mgyoe.com

# နောက်ပိတ်ခွေး

[ ၁ ]

အောင်သန်းသည် မေ့လျော့ထားခြင်းကို ခံနေရသော သားငယ်တစ်ယောက်သာ ဖြစ်၏။ သူ့ကို သတိရသူ မရှိ။ သူသည် စွန့်ပစ်ခြင်းကို ခံနေရ၏။ သို့ရာတွင် သူ့အား လိုက်လံရှာဖွေကြမည့် မိဘတို့သည် မရှိ။ ညီအစ်ကိုမောင်နှမနှင့် ဆွေမျိုးဉာတကာတို့သည်လည်း မရှိ။ သူ့ကို မေ့လျော့ထားကြသည့်အတွက် အောင်သန်းသည် များစွာ အရေးထားလှပုံမရ။ စွန့်ပစ်ထားခြင်းကို ခံရသည့်အတွက်လည်း သူသည် ဝမ်းနည်းမိဟန်မတူ။ သူသည် ရဲရင့်သော လူသားတစ်ယောက်ပီပီ သူ့အား မေ့လျော့စွန့်ပစ်ထားကြသော လူ့ဘောင်ကြီးအတွင်း၌ သူ၏စွမ်းပကားဖြင့် အသက်တစ်ချောင်းကို မွေးမြူနေထိုင်လျက် ရှိသည်။

အောင်သန်းသည် ကျေးလက်၏ ရလဒ်ဖြစ်သော်လည်း နေပြည်တော်၌ စွဲမြဲနေထိုင်လျက် ရှိသည်။ ကျေးလက်၏ သားသမီးပီပီ အောင်သန်းသည် စိမ်းလန်းသော လယ်ကွင်းများသို့ အဘယ်ကြောင့် ပြန်၍ မနေထိုင်ရသနည်း။ ပလွေသံနှင့် နွားခလောက်သံများကို သူသည် မလွမ်းဆွတ်လေသလော။ မှိုနားတိုနှင့် ချဉ်ပေါင်ရည်တို့ကိုလည်း သူသည် မေ့လျော့လေပြီလော၊ အဘယ်ကြောင့် သူ့အား လူရာမသွင်းသော နေပြည်တော်၌ ပျော်ပိုက်၍ နေရသနည်း။ သူသည် အခလွတ် ပညာသင်ကြားခွင့်ရသည်ဆိုသော

mgyoe.com

mgyoe.com


တက္ကသိုလ် ပညာရေးကို တပ်မက်နေသလား။ သို့မဟုတ် ကမ္ဘာအေးစေတီကို ဖူးမြော်ရင်း ပြည်တော်သာစီမံကိန်း၏ တိုက်တစ်လုံး၊ ကားတစ်စီးနှင့် လစာရှစ်ရာ၊ တစ်ထောင်တို့ကို စောင့်စားနေသလား။ ပုထုဇနော ဥမ္မတကော ဟု ဘုရားရှင် ဟောကြားထားသော်လည်း အောင်သန်းသည် မိုက်မဲလောက်အောင်ကား မရူးပါ။

အောင်သန်းသည် လယ်ကွင်းပြင်များ၌ မွေးဖွားလာခဲ့ရသော လယ်သမားပီပီ နွားကျောင်းရင်း ပလွေကြူလို၏။ သူသည် ကွင်းပြင်၌ တိုက်ခတ်သောလေကို ရှူရှိုက်လို၏။ သို့ရာတွင် ကျေးလက်၌ ယနေ့တိုင် မိုးကောင်းလျက်ရှိသော မြေရှင်က သူ့အား ကျောတစ်ရာ၊ ရင်တစ်ရာ ရိုက်ခတ်၍ လယ်ကွင်းများထဲမှ နှင်ထုတ်လိုက်သည်။ သူ့အဘိုး၏လယ်ကို သိမ်းယူ၍ သူ့အဘကိုလည်း လယ်ထဲမှ ကန်ထုတ်လိုက်သောအခါ အောင်သန်းသည် ပြေးမိပြေးရာသို့ပြေးရင်း နေပြည်တော်သို့ ရောက်လာခြင်းဖြစ်၏။

အောင်သန်းသည် ဤကဲ့သို့ အမွေမဲ့သားတစ်ယောက် ဖြစ်လာခဲ့ရသည်။ သူ့တွင် အတတ်ပညာလည်း မရှိပေ။ သူသည် လူလားမမြောက်မီပင် သူ၏ ဝမ်းတစ်ထွာကို ရသောနည်းနှင့် ကျောင်းခဲ့ရသည်။ သူ၏ အသက်ရှင်နေနိုင်ရေး တိုက်ပွဲသည် ကျပ်တည်းလှ၏။ မနိုင်သောဝန်ကိုလည်း ထမ်းခဲ့ရ၍ မရောက်နိုင်သော ခရီးကိုလည်းသွားခဲ့ရ၏။ ဘဝ၏ ထန်ပြင်းသော မုန်တိုင်းအကြားဝယ် သူသည် လွင့်ချင်ရာလွင့်နေခဲ့ရ၏။ ငတ်မွတ်ရခြင်းသည် သူ၏ ညီအစ်ကိုဖြစ်၍ နာကျင်ရခြင်းများသည် သူ့နောက်သို့ တကောက်ကောက်လိုက်ပါနေကြသောအရိပ်များ ဖြစ်ကြသည်။

သို့ရာတွင် အောင်သန်း၌ လေးမြတ်စရာကောင်းသော သတ္တိတစ်ခုရှိသည်။ သူသည် အတိတ်ကို လုံးဝ မြုပ်နှံထားချင်ပင်ဖြစ်၏။ သူသည် ပစ္စုပ္ပန်၌ နေထိုင်လျက် အနာဂတ်ကိုလည်း အိပ်မက်မက်ခြင်းရှိပုံမရ။ သူသည် နံနက်စာကို တွေ့ရသောအခါ စား၏။ သို့ရာတွင် ညစာအတွက် သူသည် မစဉ်းစား။ တွေ့လျှင်လည်း စားမည်။ မတွေ့လျှင်လည်း မစားဘဲ နေလိုက်မည်။ မခံမရပ်နိုင်လောက်အောင် ဆာလောင်လာသောအခါ သူသည် တော၏ဥပဒေအတိုင်း ရှာဖွေ၍ စားသောက်တတ်သည်။ သည်

mgyoe.com

mgyoe.com


အတွက်နှင့် သူ့ကို ဝိုင်းဝန်းဖမ်းဆီး၍ တရားရုံးများသို့ ပို့ကြ၏။ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော တရားမင်းများက နေပြည်တော်အရပ်၌ တောဥပဒေကို လိုက်နာသော အောင်သန်းအား အပြစ်ပေးကြ၏။

ရန်ကုန်ထောင်အတွင်းသို့ အောင်သန်းသည် အကြိမ်ကြိမ် ရောက်ခဲ့ပြီးပေပြီ။ သူသည် ကလေးအရွယ်၌ ကလေးထောင်တွင် နေထိုင်ကြီးပြင်းခဲ့ပြီးလျှင် ယခု အသက် ၄၀ နီးသောအရွယ်၌ကား ဗမာနိုင်ငံ အကျဉ်းထောင်အနှံ့အပြား၌ လှည့်လည်နေထိုင်ခဲ့ပြီးလေပြီ။ ဤအတိုင်းသွားနေလျှင် သူသည် ထောင်ထဲ၌ပင် အရိုးထုတ်လိမ့်မည်ဟု ခန့်မှန်းရသည်။

၁၉၅၂ ခုနှစ်အတွင်းက နိုင်ငံတော်အစိုးရ၏ ကျေးဇူးကြောင့် အထက်ပါ အောင်သန်းကို သွေးများစွန်းထင်းနေသော ရန်ကုန်ထောင်ကြီးအတွင်း၌ ကျွန်တော်သည် တွေ့ဆုံခဲ့ရပေသည်။

[ ၂ ]

ကျီးကန်းနှင့် စာငှက်များကို အရှင်ရအောင် ဖမ်းနိုင်သည်ဆိုသော ထူးခြားသည့် အရည်အချင်းကြောင့် အောင်သန်းကို ကျွန်တော်သည် စတင်၍ စိတ်ဝင်စားမိ၏။ ထို့ထက်လွဲ၍ အောင်သန်း၏အကြောင်းကို ဘာမျှတော့ မသိသေး။ ကျီးကန်းနှင့် စာငှက်များကို အရှင်ရအောင် ဖမ်းဆီးနိုင်သော လူတစ်ယောက်ထက်လွဲ၍ သူ၏ နာကျင်ရှည်လျားလှသော ဇိုချင်းရှည်ကြီးကို ဘာမျှမသိရှိရသေးမီ အောင်သန်းကို ကျွန်တော် စတင် တွေ့ရှိရသည်။

ပိန်ချိုသေးကွေးသော လူတစ်ယောက်သည် အရောင်အဆင်း မရှိသော ပုဆိုးစုတ်ကို ဇော့ယမ်းကိုင်ဆောင်ကာ (၅) အဆောင်သို့ ဝင်၍လာသဖြင့် တံခါးဝ၌ တာဝန်ရှိသော အကြပ်က ထုံးစံအတိုင်း ဟန့်တားပိတ်ပင်သည်။

"ဟေ့...ဝါတာ မင်း ဖွင့်ပေးမလား၊ မပေးဘူးလား"

အကြပ်က အောင်သန်းအား တံခါးဖွင့်မပေးဘဲ နှင်ထုတ်၏။

အောင်သန်းသည် အကြပ်ကို နောက်ထပ်၍ ဘာမျှပြောဆိုခြင်း မပြုတော့ဘဲ သံတိုင်ကို ကျော်တက်၍ (၅) အဆောင်တွင်းသို့ ဝင်လာ၏။

mgyoe.com

mgyoe.com


မိန်းဂျေးမှ စီအိုင်ဒီများသည် အောင်သန်းကို ဘာမျှမပြောဆိုနိုင်ဘဲ လက်ပိုက်၍ ကြည့်နေကြရ၏။

"အဲဒါပေါ့ဗျ... အောင်သန်းဆိုတာ"ဟု မိတ်ဆွေတစ်ယောက်က ကျွန်တော့်အား လှမ်း၍ ပြောပြ၏။

ချုပ်ခြယ်မှုအား တော်လှန်တတ်သော အောင်သန်းကို ကျွန်တော်သည် ဤသို့စတင်တွေ့ရှိကာ သူ့အား သဘောကျမိသည်။ ချုပ်ခြယ်ခြင်းခံနေရသည့်အကြား၌ ထပ်မံ ချုပ်ခြယ်ခြင်းကို ပုန်ကန်ဝံ့သော အောင်သန်း၏ ပင်ကိုသတ္တိကို ကျွန်တော်သည် လေးစားသလိုဖြစ်မိ၏။ သူ့ကို ရင်းရင်းနှီးနှီး သိကျွမ်းလိုသော စိတ်များလည်း ပေါ်ပေါက်လာသည်။

"ဟေ့... အောင်သန်း မင်း ဘယ်သွားမလို့လဲ"ဟု ကျွန်တော်က စတင်၍ သူ့အား နှုတ်ဆက်ကာ မိတ်ဖွဲ့လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"ဟု အောင်သန်းက ကျွန်တော့်ကို အကဲခတ်သလို ပြန်၍ မေးလာ၏။

"ငါလည်း မင်းလို ထောင်ထဲရောက်နေတဲ့ လူတစ်ယောက်ပါပဲကွာ"

"ခင်ဗျား ဘိကလပ်ကလား"

"အေး"

"ဒါဖြင့် ဆေးလိပ်တစ်လိပ်လောက် ပေးစမ်းပါ"

သူ၏ ပွင့်လင်းခြင်းကို သဘောကျမိသည်။ ထို့ကြောင့် သူ့အား ကျွန်တော့် အခန်းတွင်းသို့ ခေါ်လာခဲ့ပြီးလျှင် လက်ဖက်ရည်ဖျော်၍ တိုက်ရင်း သူ့ကိုလေ့လာကြည့်ရှုမိသည်။ အောင်သန်းသည် လုံလောက်သော အာဟာရနှင့် ဆေးဝါးများကို မမီဝဲခဲ့ရသဖြင့် အသက်အရွယ်နှင့် မလိုက်အောင် သေးကွေးပိန်ချည့်နေသည်။ လူစဉ်မမီနိုင်အောင် ညှိုးနွမ်းနေသည်။

"ဒါထက် မင်း ကျီးကန်းနဲ့ စာကလေးတွေကို အရှင်ရအောင် ဖမ်းတတ်တယ်ဆို"ဟု ကျွန်တော်က မေးကြည့်သည်။

"ကျီးကန်းတစ်ကောင် လိုချင်ရင် ဆေးလိပ်ငါးလိပ်နဲ့ ရမယ်"ဟု အောင်သန်းက သူ၏ပေါက်ဈေးကို တောင်းလာ၏။

mgyoe.com

mgyoe.com


"စာကလေး တစ်ကောင်ကကောကွ"

"ငါးလိပ်ပဲ"

"တူတူပဲလားကွ"

"ဖမ်းရတာ တူတူပဲ"

ညီမျှသော လုပ်အားအတွက် ညီမျှသော တန်ဖိုးကို အောင်သန်းက တောင်းဆို၏။

လက်ဖက်ရည် သောက်ပြီးသွားသောအခါ ကျွန်တော်သည် အောင်သန်းအား ဆေးလိပ်ဆယ်လိပ်ခန့် ပေးလိုက်သည်။ သူသည် ဆေးလိပ်များ ရသဖြင့် ဝမ်းသာအားရ ထွက်သွားသည်။

နောက်ထပ်၍ သုံးရက်မျှ အောင်သန်းနှင့် မတွေ့ရပေ။

သုံးရက်ခန့်အကြာတွင် အောင်သန်းသည် ကျွန်တော့်ဆီသို့ လာ၏။ သူနှင့်အတူ စာကလေးအရှင် နှစ်ကောင်ကိုလည်း ကျွန်တော့်အတွက် ယူလာခဲ့ပေသည်။

[ ၃ ]

အောင်သန်းနှင့် အကျဉ်းထောင်ထဲတွင် တစ်စထက်တစ်စ ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ထိုသို့ ရင်းနှီးကျွမ်းဝင်လာပြီးနောက် အောင်သန်းကို နီးနီးကပ်ကပ် လေ့လာနိုင်ရန်အတွက် ကျွန်တော့်အနီးသို့ ခေါ်ထားခဲ့သည်။ ထိုသို့ အောင်သန်းကို ကျွန်တော်က အနီးသို့ ခေါ်ထားသည့်အတွက် ထောင်အာဏာပိုင်များက ကျေးဇူးတင်ကြသည်။ ဝမ်းသာကြသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းကို သူတို့ အုပ်ချုပ်ထိန်းသိမ်း၍ မရကြသည့်အတွက် ဖြစ်သည်။

အောင်သန်းသည် အကျဉ်းထောင်အတွင်း၌ ဖိနှိပ်ချုပ်ခြယ်ခြင်းကို အမြဲတစေ တော်လှန်တိုက်ခိုက်ဝံ့သော သတ္တိရှိလေသည်။ သူ့ကို အပြစ်ဒဏ်ပေးသောအနေနှင့် အလုပ်လုပ်ခိုင်း၍ မရ။ အာဏာပိုင်တို့က သူ့အား ခိုင်းစေလျှင် "မလုပ်ဘူးကွ"ဟု တင်းတင်းမာမာ ပြန်၍ပြော၏။ အချို့သော အကြပ်များက အောင်သန်းအား ပါးစပ်ဖြင့် ပြောဆိုမရသဖြင့် တုတ်ဖြင့်

mgyoe.com

mgyoe.com


ခြောက်လှန့်ရန် ကြိုးစား၏။ ထိုအခါ အောင်သန်းသည် အုတ်ခဲတစ်လုံးကို ကောက်၍ကိုင်တတ်၏။

အောင်သန်းကို ထောင်ထဲ၌ ထောင်ချကြည့်၏။ တိုက်ပိတ်သည် ဟူ၍ ခေါ်၏။ ထိုကာလ၌ အောင်သန်းသည် ထောင်မင်းကြီးမှစ၍ အကြပ်အထိ ကော်၍ဆဲရေး၏။ အော်ဟစ်ဆဲရေးပြီးသောအခါ သူ့အား ဤသို့ ချုပ်ခြယ်ခြင်းကို အပြင်းထန်ဆုံးသော လက်နက်ဖြင့် ပြန်လည်၍ တိုက်ခိုက်၏။ ထိုလက်နက်မှာ အခြားမဟုတ်၊ အစာငတ်ခံခြင်းပင် ဖြစ်၏။ ဤတိုက်ပွဲကို အောင်နိုင်သည်အထိ အောင်သန်းသည် ရှုပ်ရှုပ်ချွံချွံ ဆင်နွှဲ၏။ နောက်ဆုံး၌ ထောင်အာဏာပိုင်တို့သည် အောင်သန်းကို အရှုံးပေး၍ လွှတ်လိုက်ရသည်။

တိုက်ထဲမှ လွတ်မြောက်လာပြီးနောက် အောင်သန်းသည် ရန်ကုန်ထောင်ကြီးအတွင်း၌ သွားချင်ရာသွား၍ လာချင်ရာလာ၏။ လုပ်ချင်ရာလုပ်၍ စားချင်ရာ လျှောက်စား၏။ သူ့ကို ဘယ်အကြပ်တို့ကမှ ဘာမျှ မပြောနိုင်ကြတော့။ သက်ဆိုင်ရာ ထောင်မှူးများကလည်း သူ့ကို လက်မြှောက်ထားကြ၏။ သူသည် ဖိနှိပ်ချုပ်ခြယ်ခြင်းအား သူရသတ္တိရှိစွာဖြင့် အဆုံးတိုင် တိုက်ခိုက်အောင်နိုင်ခဲ့သော ရန်ကုန်ထောင်တွင်း သူရဲကောင်းကြီး မဟုတ်လော။

ရန်ကုန်ထောင်အတွင်း၌ စွန်လွှတ်ခြင်းကို ပိတ်ပင်ထား၏။ အောင်သန်းသည် ပြတ်လွင့်လာသောစွန်များကို လိုက်လံဖမ်းဆီး၍ ကြိုးတိုက်ပေါ်သို့တက်ကာ စွန်လွှတ်၏။ ဘယ်သူက ဘာပြောနိုင်သနည်း။

ထောင်ပိုင်သည် နံနက်ခင်းဘက်တွင် ထောင်အတွင်းသို့ လှည့်လည်ကြည့်ရှုလေ့ရှိ၏။ ထိုအချိန်၌ အဆောင်တံခါးများ ပိတ်ထားတတ်၏။ အဝင်အထွက် မရှိရ။ လမ်းပေါ်၌လည်း ဘယ်သူမှ ရပ်မနေရ။ သို့ရာတွင် အောင်သန်းသည် ပုဆိုးကို လည်ပင်းကွင်းသိုင်း၍ တုတ်တစ်ချောင်းကိုင်ကာ ထောင်ပိုင့်လမ်းတွင် ကန့်လန့်လုပ်နေတတ်၏။

"မင်း မလွတ်သေးဘူးလား အောင်သန်း" ဟု ထောင်ပိုင်ကပင် သူ့ကို နှုတ်ဆက်မေးမြန်းရ၏။

mgyoe.com

mgyoe.com


"မလွတ်သေးဘူး ဦးဘသိန်း၊ ဘယ်တော့ လာရမလဲ" ဟု သူက ပြန်၍ မေး၏။ ဦးဘသိန်းသည် အကျဉ်းထောင်မင်းကြီး ဖြစ်၏။ အောင်သန်း ကလေးထောင်၌ စတင်နေထိုင်ရစဉ်က ဦးဘသိန်းသည် ကလေးထောင်တွင် ထောင်မှူးဖြစ်သည်။ သို့ရာတွင် ယခုအခါ၀ယ် ဦးဘသိန်းသည် ထောင်မင်းကြီးပင် ဖြစ်ခဲ့လေပြီ။ အောင်သန်းကား ထောင်ထဲတွင် နေထိုင်ရတုန်း ဖြစ်သည်။

"လာတဲ့အခါ မင်းကို ခေါ်မယ်လေ၊ ဟုတ်လား"

"အင်း"

"ထောင်ထဲမှာ ကောင်းကောင်းနေနော် အောင်သန်း"

"အင်း"

ထောင်ပိုင်ကလည်း အောင်သန်းကို ချော့မော့ပြောဆိုရသည်။ အဘယ်ကြောင့်ဆိုသော် အောင်သန်းသည် ထောင်မင်းကြီး၏ မိတ်ဆွေလည်း ဖြစ်သောကြောင့်တည်း။

[ ၄ ]

အောင်သန်းအား ကျွန်တော်တို့ ထမင်းဝိုင်းတွင် ကျွေးမွေးကာ ကျွန်တော့်အနီးတွင် ခေါ်ထားခဲ့သော ကာလအတွင်း ၎င်း၏ လေးမြတ်ချစ်ခင်စရာကောင်းသော စိတ်နေသဘောထားကလေးများကို တွေ့ရသည်။ အာဏာပိုင်များက အပြစ်ဒဏ်ထားသောအနေဖြင့် ခိုင်းစေသော အလုပ်ကိုသာ မလုပ်သော်လည်း သူပါ ဝင်ရောက် စားသောက်သော ထမင်းဝိုင်းအတွက် လိုအပ်သော ထင်းများကို ဘယ်သူကမှ တိုက်တိုက်တွန်းတွန်း မပြောဆိုရဘဲ ထင်းဂိုဒေါင်သို့ သူ့ဘာသာသူ သွား၍ ထမ်းယူလာပေး၏။ နံနက်လင်း၍ အိပ်ဆောင်ဖွင့်လျှင်ဖွင့်ချင်း အိပ်ရာမှထကာ ထင်းသယ်ရန် သွား၏။ တစ်ရက်တလေမျှ မပျက်ကွက်ခဲ့။ ထင်းထမ်း၍ ပြန်ပို့ပေးပြီး နောက်မှ သူ လည်ချင်ရာသို့ လျှောက်၍ လည်နေတတ်သည်။ သူသည် လူ့ကျင့်ဝတ်ကို လိုက်နာပြုလုပ်တတ်ပေသည်။

ရှိသေးသည်။ အောင်သန်းသည် ယခင်က ညစ်ညစ်ပတ်ပတ်နှင့်

mgyoe.com

mgyoe.com

ဖြစ်သလို နေလေ့ရှိခဲ့သည်။ ရေကို ချိုးချင်သည့်အခါမှ ချိုးလေ့ရှိ၏။ ကျွန်တော်နှင့် လာရောက်နေထိုင်သောအခါ သူ့အား သန့်သန့်ရှင်းရှင်းနှင့် သပ်သပ်ရပ်ရပ်နေထိုင်ရန် အကျိုးသင့် အကြောင်းသင့် ပြောဆိုဆုံးမကြည့်သည်။ နောက်တစ်နေ့မှစ၍ အောင်သန်းသည် တစ်နေ့လျှင် ရေသုံးခါလောက် ချိုး၏။ မိုးတွင်းကြီး၌ပင် တစ်နေ့လျှင် ရေသုံးခါ မှန်မှန်ချိုးနေသောကြောင့် "အောင်သန်းရာ... မင်း ရေချိုးတာ လျှော့ပါဦးကွာ"ဟု ကျွန်တော်ကပင် ပြန်၍ တောင်းပန်ယူရသည်။ အထူးတန်း အကျဉ်းသားများကဲ့သို့ အောင်သန်းသည် သပ်သပ်ရပ်ရပ် နေထိုင်ရန်အတွက် ကျွန်တော့်ထံမှ ဆပ်ပြာမွှေး၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ စသည်တို့ကို နေ့တိုင်းတောင်းလာသဖြင့် "မင်းဟာက လျှော့ပါဦးကွာ" ဟု ကျွန်တော်က တောင်းပန်ရပြန်၏။

အောင်သန်းသည် လူတစ်ယောက်ပီပီ သပ်သပ်ရပ်ရပ်နှင့် သန့်သန့်ပြန့်ပြန့်ကလေး နေလိုရှာသည်။ သို့ရာတွင် ထိုကဲ့သို့နေထိုင်ရန်အတွက် သူသည် အခွင့်အရေး မရခဲ့ပေ။ ဝမ်းတစ်ထွာတိုက်ပွဲကို အလူးအလဲ တိုက်ခိုက်နေခဲ့ရဟန် တူသည်။ ထို့ကြောင့် သူသည် လူစင်စစ်က တိရစ္ဆာန်တစ်ကောင်လို နေခဲ့ရရှာသည်။ အကယ်၍သာ သူ့အား မေတ္တာကရုဏာဖြင့် စိတ်ရှည်ရှည်ထား၍ ပြုပြင်လေ့ကျင့်ပေးနိုင်မည်ဆိုခဲ့လျှင် အောင်သန်းသည် လူ့ဘောင်ကြီး၏ စည်ပင်တိုးတက်ရာ တိုးတက်ကြောင်းအတွက် များစွာ အဖိုးတန်သော လူတစ်ယောက်ဖြစ်လာလိမ့်မည်ဟု ကျွန်တော် ယူဆမိသည်။

အောင်သန်းသည် လူအများ၏အကျိုးကို ဆောင်ရွက်တတ်သော သဘောလည်း ရှိသည်။ ညမိုးချုပ်၍ ထောင်ပိတ်သောအခါများတွင် အချို့သောသူများသည် ထောင်အပြင်ဘက်၌ လှန်းထားသော အဝတ်အစားများကို မေ့ထားတတ်ကြသည်။ အောင်သန်းသည် အိပ်ဆောင်ပိတ်သောအခါ ထိုမေ့ကျန်နေသော အဝတ်အစားများကို လျှောက်၍ သိမ်းဆည်းလာတတ်ပြီးလျှင် အဝတ်အစားရှင်များအား အော်ဟစ်မေးမြန်း၍ လိုက်လံပေးကမ်းသည်။

သူသည် ဝတ်ပြတ်သောအခါ ထောင်၏အပြင်ဘက်၌ ခိုးယူစား

mgyoe.com

mgyoe.com

သောက်ခြင်း ပြုခဲ့သော်လည်း ထောင်ထဲ၌ကား ခိုးယူတတ်ခြင်းမပြု၊ သူ လိုချင်သော ပစ္စည်းကို တောင်းရမ်းတတ်သည်။ ဘဝတူ အကျဉ်းသားများကို သူသည် ဘယ်တော့မျှ အနှောင့်အယှက် မပေးတတ်။ အာဏာပိုင်များကို ကြမ်းကြမ်းတမ်းတမ်း ပြန်လည်၍ တိုက်ခိုက်တတ်သော အောင်သန်းသည် ဘဝတူ အကျဉ်းသားများနှင့် ဆက်ဆံရာ၌ ယဉ်ကျေး ပြေပြစ်စွာ ဆက်ဆံတတ်သည်။ မည်သည့်အကျဉ်းသားကမဆို သူ့အား အကျိုးသင့် အကြောင်းသင့် ပြောဆိုဆုံးမလျှင် သူသည် ဣန္ဒြေရရ နားထောင်တတ်သည်။

တစ်ခါတစ်ရံ အောင်သန်းအား ၎င်း၏ အတိတ်ဘဝအကြောင်းကို ကျွန်တော်သည် မေးမြန်းကြည့်သည်။ အောင်သန်းသည် ၎င်း၏ အတိတ်ဘဝအကြောင်းကို ပြန်၍ ပြောပြချင်ပုံမရ။ သူသည် အတိတ်ကို စိတ်နာကြည်းဟန်တူ၏။ ဘယ်လိုများ ခံခဲ့ရသော အတိတ်ဘဝမျိုး ဖြစ်လိမ့်မည် မသိ။ တော်တော်ခံရဟန် တူပေသည်။

စိတ်လက်ကြည်လင် ရွှင်ပျသောအခါ သူသည် ဟသ်ာတသား ဇာတိဖြစ်ကြောင်း ပြောပြတတ်၏။ ဟသ်ာတတောဘက်တွင် သူ ငယ်စဉ်က နွားကျောင်းရင်း ပလွေကြူခဲ့သော အဖြစ်အပျက်များကိုလည်း ပြောပြ၏။ ထိုအခါ သူ၏စကားကို နှင်း၍ ကျွန်တော်က သူ့အတိတ်ကြောင်းကို တူးဖော်နှိုက်ယူ၍ ကြည့်မိ၏။

သူ့အဘိုးသည် ကိုယ်ပိုင် လယ်လုပ်ဖြစ်သော်လည်း သူ့အဖသည် လယ်အငှား လုပ်ခဲ့ရသည်။ လယ်အငှားလုပ်သားဘဝမှ လယ်ကူလီဘဝသို့ လျှောကျသွားခဲ့ရသည်။ လယ်ကူလီ၏သား အောင်သန်းသည် ၁၃ နှစ်သားခန့်တွင် သရက်မြို့ ကလေးထောင်သို့ ကျရောက်ခဲ့သည်။ ကလေးထောင်မှ လွတ်လာသောအခါ သူသည် ထမင်းတစ်လုတ်မှန်မှန်နှင့် ဝဝကလေးမှ မစားရသော တောဘက်ရှိ လယ်ကူလီ မိဘများထံသို့ မပြန်တော့ဘဲ ပြည်မြို့မှ ရန်ကုန်သို့ မီးရထား ခိုးစီးရင်းလိုက်ပါလာခဲ့သည်။

ကျွန်တော်သည် အောင်သန်း၏ အတိတ်ဘဝ မြစ်ဖျားခံရာ တောင်ကြားများကို ဤသို့ တောနင်းရှာဖွေခဲ့ရသည်။
mgyoe.com

mgyoe.com


[ ၅ ]

ဗမာနိုင်ငံ၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့ကြီး၌ အောင်သန်းသည် နှစ်ပေါင်း အစိတ်သာသာခန့် နေထိုင်ခဲ့သည်။ သို့ရာတွင် သူ့မှာ အိုးအိမ်မရှိ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း မရှိ။ မှီခိုအားထားခြင်းပြုရသော ဆွေမျိုးဉာတကာများလည်း မရှိ။ အောင်သန်းသည် နှစ်ပေါင်း အစိတ်မျှ ရန်ကုန်မြို့တော်ကြီး၌ အဘယ်သို့ အသက်ရှင်နေထိုင်ခဲ့လေသနည်း။

ချစ်သော အောင်သန်း၏ဝတ္ထုသည် ဤနေရာမှ စပေပြီ။

တစ်ရက်တာမျှ ဝင်ငွေမရှိလျှင် တစ်ရက်တာမျှ နေထိုင်ရန် ကျပ်တည်းခက်ခဲလှသော၊ နေထိုင်ရန် မဖြစ်နိုင်သော ရန်ကုန်မြို့တော်ကြီး၌ အညတရ အောင်သန်းသည် နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်ခန့်မျှ အဘယ်သို့ အသက်မွေးမြူ နေထိုင်ခဲ့သနည်း။ သူသည် အဘယ်သူ့အိမ်၌ အိပ်စက်၍ အဘယ်သူ့အိမ်၌ စားသောက်ခဲ့သနည်း။

အောင်သန်း၌ အသက်မွေးဝမ်းကျောင်း အတတ်ပညာဟူ၍ ဘာမျှမရှိ။ အားခွန်ဗလကို အားကိုး၍ လုပ်ကိုင်စားသောက်ရအောင်ကလည်း သူ့တွင် အားခွန်ဗလ မရှိ။ ပိန်လှီသေးကွေးသော လူတစ်ယောက်သာ ဖြစ်သည်။ သူသည် အားခွန်ကို ရောင်းစားခြင်းပြုရသော ကျပန်းကူလီအလုပ်ကို အသက်မွေးမှုအတွက် လုပ်ကိုင်လို၏။ သူ့အား ခေါ်ယူငှားရမ်းရန် အလုပ်ရှင်များကိုလည်း မြို့တော်၏ အနှံ့အပြား လိုက်လံရှာဖွေခဲ့ဖူး၏။ သို့ရာတွင် လူစဉ်မမီသော အောင်သန်းကို အဘယ်သူကမှ မငှားရမ်း၊ မစေခိုင်းလိုကြပေ။

"ရန်ကုန်မြို့ကြီးမှာ မင်း ဘယ်ကရလို့ ဘာကို စားနေသလဲကွ အောင်သန်း"ဟု ကျွန်တော်က မေးမြန်းကြည့်မိ၏။

"ဟိုက...ဒီက...ဒီလိုပဲ ရှာဖွေစားရတာပေါ့ဗျ"ဟု သူက ပေါ့ပေါ့ဆဆ ပြန်၍ပြော၏။

သူ၏ ပေါ့ပေါ့ဆဆပေးသောအဖြေကို ကျွန်တော်သည် လွယ်လင့်တကူ လက်မခံနိုင်ပေ။

mgyoe.com

mgyoe.com

"ကောင်းကောင်း ပြောစမ်းပါကွ၊ မင်း ထမင်း ဘယ်ကရသလဲ ဆိုတာ"

"လျှောက်တောင်းစားတဲ့အခါ တောင်းစားရတာပေါ့"

"မင်း ဒီလိုပဲ တောင်းစားတိုင်း စားရသလားကွာ"

"တစ်ခါတလေလည်း သူများအိမ် နောက်ဖေးမှာ ပစ်ထားတာတွေ လိုက်ရှာစားတယ်"

"အေး...အေး...ပြီးတော့ကောကွာ"

"မစားရတဲ့အခါလည်း ငတ်တာပေါ့"

"မင်း ဘယ်လောက်ကြာကြာများ အငတ်ခံနိုင်သလဲကွ"

"နှစ်ရက်၊ သုံးရက်တော့ ခံရဖူးတယ်"

"ငတ်တဲ့အခါကော မင်း ဘယ်လို ရှာစားသလဲ"

"သိပ်ငတ်လာတဲ့အခါ ရတဲ့နေရာက ဝင်ခိုးတာပေါ့"

"မင်း ဘာတွေ ခိုးဖူးသလဲ ဟင်"

"တစ်ခါတုန်းက တရုတ်ဆိုင်က ဘဲကင်တစ်ကောင် ဝင်ခိုးတာနဲ့ ထောင်ခြောက်လကျတယ်"

အောင်သန်းအား အချို့ အကျဉ်းသားများက "အောင်သန်း တွေ့ လိုသူ ဘဲမ"ဟူ၍ ထောင်ဝင်စာခေါ်ကာ နောက်ဖူးသောအကြောင်းကို ယခုမှ လိပ်ပတ်လည်မိသည်။

"ဒီ့အပြင်ကောကွာ"

"လွယ်လွယ်ရတာ ခိုးတာပဲ"

"မင်းကို ပုလိပ်ဖမ်းမိတဲ့အခါ ပုလိပ်က"

"အကုန်လုံး ဖွင့်ပြောတော့ ပုလိပ်က ဘယ်ညှဉ်းမှာလဲ"

"ခိုးလို့မိတဲ့အတွက် မင်း ထောင်ဘယ်နှခါ ကျဖူးမိလဲ ဟင်"

"အများကြီးပဲ၊ မမှတ်မိတော့ဘူး"

"မင်း ထောင်ထဲမှာနဲ့ အပြင်ဘက်မှာ ဘယ်သင်း နေချင်သလဲ ကွာ"

"ဘယ်သင်းမှ မနေချင်ဘူး"

mgyoe.com

mgyoe.com


"ဒါဖြင့် ဘယ်မှာ သွားနေချင်သလဲ"

အောင်သန်းသည် ထိုအမေးကို မဖြေတတ်ရှာပေ။ ရန်ကုန်မြို့မှာရော၊ ထောင်ထဲ၌ရော တစ်လှည့်စီ ပြောင်းလွဲနေထိုင်ခဲ့ရဖန် များလှပြီဖြစ်သော အောင်သန်းသည် နှစ်ခုစလုံးကို စိတ်ပျက်မိဟန်ရှိသည်။ သူ့အား မွေးဖွားခဲ့သော တောအရပ်ဒေသကိုလည်း နာကြည်းမေ့လျော့နေပြီထင်၏။

ရန်ကုန်မြို့၏ ပန်းခြံများနှင့် လမ်းဘေးပလက်ဖောင်းများသည် နွေရာသီကာလ၌ အောင်သန်း၏ နေထိုင်အိပ်စက်ရာ အရပ်ဒေသများ ဖြစ်ကြ၍ မိုးရာသီ၌ သူသည် ဆူးလေဘုရားကုန်းတော်နှင့် မြူနီစီပယ်ရုံး၏ စင်္ကြံများတွင် စတည်းချလေ့ ရှိသည်။ ဤအိပ်ရာနေရာများနှင့်ပတ်သက်၍ သူသည် ရန်ကုန်ပုလိပ်အဖွဲ့ကြီး၊ မြူနီစီပယ်ပုလိပ်အဖွဲ့၊ ဆူးလေဘုရား ပုလိပ်အဖွဲ့များနှင့် တိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ ပန်းခြံများတွင် ဝင်အိပ်လျှင် မြူနီစီပယ် ပုလိပ်များက နှင်ထုတ်၏။ လမ်းဘေးပလက်ဖောင်းတွင် ဝင်ကွေးလျှင် ရန်ကုန်ပုလိပ်များက ရန်ရှာ၏။ ဆူးလေ ကုန်းတော်ပေါ်၌လည်း ဘုရားပုလိပ်များက သူ့ကို မောင်းထုတ်၏။ သူသည် ဤရန်သုံးပါးကို ခုခံကာကွယ်ရင်း အိပ်စက်ရလေသည်။

ရာသီဥတုက နှိပ်စက်၍ဖြစ်စေ၊ အာဟာရနှင့် ဆေးဝါးများ လုံလောက်အောင် မမှီဝဲနိုင်၍ဖြစ်စေ နာမကျန်းသောအခါ ကာလများ၌ အောင်သန်းသည် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခွင့် မရပေ။ သူသည် တိရစ္ဆာန်ရုံတွင်းသို့ ကျော်ဝင်ကာ လူသူရှင်းသော ချုံစပ်တစ်ခုခုတွင် အရှင်မရှိသော တိရစ္ဆာန်တစ်ကောင်လို တိုးဝင်ညည်းတွားနေလေ့ရှိသည်။ ရန်ကုန်မြို့တော်၌ ပြည်သူ့ဆေးရုံနှင့် ဆေးပေးခန်းများအပြင် အခြားကုသိုလ်ဖြစ်ဆေးရုံ အများအပြားပင် ရှိကြသည်။ သို့ရာတွင် ထိုဆေးရုံများသည် အညတရ အောင်သန်းကိုကား လက်မခံကြ။ သူသည် ရောဂါဘယ၏နှိပ်စက်ခြင်းကို ပိုင်ရှင်မရှိသော ခွေးဝင်စားတစ်ကောင်နှင့်မခြား ခံခဲ့ရသည်။

သမိုင်းတစ်လျှောက်၌ လူသားတို့ နာကျင်ခဲ့ရသော အဖြစ်အပျက်များအားလုံးကို အောင်သန်း၏ဝတ္ထုဌ် အလုံးစုံ တွေ့ရှိရသည်။ ပြည်ထောင်စု အစိုးရမင်းရုံးများစိုက်လျက် နိုင်ငံခြား သံတမန်များ သံတဲများ ဆောက်

mgyoe.com

mgyoe.com


လုပ်နေထိုင်လျက်ရှိကြသော ရန်ကုန်မြို့တော်ကြီး၌ လျှပ်စစ်မီးများ လင်းထိန်ကာ ယန္တရားယာဉ် အမျိုးမျိုးကို မောင်းနှင်အသုံးချနေကြစဉ် လူပေါ်စခေတ်က ရန်းကန်နေထိုင်ရသော နည်းအတိုင်း အောင်သန်းသည် အသက်ရှင် နေထိုင်ရသည်။

မြို့တော်ကြီး၌ သူသည် တော၏ ဥပဒေအတိုင်း လိုက်နာနေထိုင်လျက်ရှိသည်။ သူသည် အသက်မွေးရန် လုံလောက်သော စား၊ ဝတ်၊ နေမှုအတွက် အသုံးအဆောင်များကို ထုတ်လုပ်ခြင်း မပြုနိုင်ရှာပေ။ ရှာဖွေရသည်။ ရှာဖွေမရနိုင်သောအခါ ခိုးဝှက်ယူသည်။ လုယက်ယူသည်။ ထိုအခါ သူ့အား မြို့တော်၏ ယဉ်ကျေးမှုကို အစဉ်သဖြင့် စောင့်ကြပ်လျက်ရှိသော ရုပ်နက်တပ်သားများက ဝိုင်းဝန်းဖမ်းဆီးကြသည်။ ထို့နောက်တွင် သူသည် သွေးများ စွန်းကွက်ပေကျံနေသော အုတ်ထရံကြီးများအတွင်းသို့ ရောက်ရသည်။

ချစ်သော အောင်သန်း၏ဝတ္ထုသည် ရန်ကုန်ထောင်ကြီး၏ အတွင်းနှင့်အပြင် ဝင်လိုက်၊ ထွက်လိုက်လုပ်နေခဲ့ရသော အဖြစ်အပျက်နှင့် အကြောင်းအရာများသာ ဖြစ်သည်။ ရန်ကုန်ထောင်၏အပြင်၌ သူသည် တိရစ္ဆာန်တစ်ကောင်နှင့်မခြား နေရသည်။ ထောင်၏အတွင်း၌ကား သူသည် အကျဉ်းသားလို နေရသည်။ ဤသို့ အောင်သန်း အသက်ရှင် နေထိုင်ခဲ့ရသည်မှာ အနှစ်နှစ်ဆယ်၊ အစိတ်ခန့် ရှိခဲ့ပေပြီ။ လူ့တစ်သက်ဟူ၍ ခေါ်နိုင်၏။

အောင်သန်းသည် အများနည်းတူ ပခုံးနှစ်ဖက်အကြားမှ ခေါင်းပေါက်လာသူဖြစ်သော်လည်း လူတစ်ယောက်မှ ဟုတ်ပါသေး၏လော။ လူဖြစ်နေ၍ လူဟုခေါ်ရလျှင် လူပေါ်ဦးစက လူသာဖြစ်လိမ့်မည်။

[ ၆ ]

အောင်သန်းသည် မေ့လျော့ထားခြင်းကို ခံနေရသော သားငယ်တစ်ယောက်သာ ဖြစ်၏။ သူ့ကို သတိရသူ မရှိ။ သူသည် စွန့်ပစ်ထားခြင်းကိုလည်း ခံနေရ၏။

နောက်ဆုံးအပတ် ထောင်ဒဏ်နှစ်နှစ်မျှ ကျခံခဲ့ရပြီးနောက်

mgyoe.com

mgyoe.com


အောင်သန်းသည် သွေးများစွန်းထင်း ညစ်ပတ်နေသော အုတ်ရိုး၏အပြင်ဘက်သို့ ထွက်သွားရပြန်၏။ သူ့ကို လူရာမသွင်းသော မြို့တော်၌ အဘယ်သို့ ရှာဖွေစားသောက်နေသည်ကား မသိရ။

အုတ်ရိုးအပြင်သို့ ထွက်သွားရပြီးနောက် သူသည် မကြာမီ အုတ်ရိုးအဝင်ဝသို့ လာ၏။ အတွင်းသို့လာခြင်းကား မဟုတ်။ ကျွန်တော့်အား သတိရသဖြင့် ထောင်ဝင်စာ လာတွေ့ခြင်းသာ ဖြစ်ပေသည်။

သူသည် များစွာ ပိန်ချုံး၍သွား၏။ ထောင်ထဲမှာတုန်းကကဲ့သို့ မနက်ညှ မှန်မှန် စားသောက်ရခြင်း ရှိပုံမရ။ သူ့အသားအရေများလည်း ညှိုးနွမ်းနေသည်။ ညစ်ပတ်နေသည်။ ရေမှန်မှန် မချိုးရတော့ဟန်တူ၏။ သူ၏ အဝတ်အစားများသည်လည်း ညစ်ပေစုတ်ပြတ်လျက် ရှိသည်။

ကျွန်တော့်အား ထောင်ဝင်စာ လာတွေ့ရာ၌ သူသည် အမှတ်တရ တရုတ်မုန့်ထုပ်ကလေး တစ်ထုပ်ယူလာသည်။ သူ၏ ကြီးမားဖြူစင်သော စေတနာနှင့် သဒ္ဓါတရားကို ဤသို့ ကြေကွဲဖွယ်ရာ တွေ့ရှိရသည်။

"ရော့...ဆရာ စားဖို့"ဟု သူက တရုတ်မုန့်ထုပ်ကို ပေးသည်။

ရင်ထဲ၌ နင့်သွားရသည်။ အောင်သန်း၏ မေတ္တာနှင့် သဒ္ဓါတရားသည် နှလုံးသားကို လှုပ်ရှားစေသည်။

"မင်း ဝယ်လာတာလားကွာ"ဟု ပြန်၍ မေးကြည့်မိ၏။

"ဒီလိုပဲ ရှာလာတာပေါ့"ဟု သူက ပေါ့ပေါ့ပင် ပြောဆိုလိုက်သည်။

တောင်းရမ်းရှာဖွေ၍ လည်းကောင်း၊ ခိုးဝှက်၍ လည်းကောင်း နေပြည်တော်၌ စားသောက်နေထိုင်ရသော အောင်သန်းသည် အဘယ်သို့ ဤတရုတ်မုန့်ထုပ်ကို ရှာဖွေလာသနည်း။ သူသည် တရုတ်ဆိုင်တစ်ဆိုင်မှ အလစ်သုတ်လာပုံရ၏။ သူ၏ အစွမ်းသတ္တိဖြင့် စွန့်စားယူငင်လာရသော ဤမုန့်ထုပ်ကို ကျွန်တော့်အား စားသောက်စေချင်၍ ပေးလျက်ရှိသည်။ ထိုတရုတ်မုန့်ထုပ်ကလေးကို ကျွန်တော်သည် အဘယ်သို့ မျိုု၍ကျနိုင်ပါမည်နည်း။

လူသားတစ်ဦးအပေါ်သို့ တစ်ဦးက တုံ့ပြန်တတ်သော မေတ္တာတရားကို ကျွန်တော်သည် လေးလေးနက်နက် ယုံကြည်လာသည်။

mgyoe.com

mgyoe.com


"မင်း မုန့်ကို မင်းဘာသာမင်းပဲ စားပါကွာ"ဟု သူ့အား မုန့်ထုပ်ကို ပြန်ပေးရင်း ပြောလိုက်မိသည်။

"ဆရာ စားစေချင်လို့ ကျွန်တော် ခိုးလာတာဗျ" ဟော... အောင်သန်းက ပွင့်လင်းစွာ ပြောလိုက်ပေပြီ။

ရင်ထဲ၌ လှုပ်ရှားသွားမိ၏။ ခိုးရာပါ ပစ္စည်းအား စားသောက်ရမည့်အရေးကို ထိတ်လန့်၍တော့ မဟုတ်။ ကျွန်တော့်အား စားစေချင်၍ ခိုးယူလာသည်ဟု ခပ်ပြောင်ပြောင် ပြောလိုက်သော အောင်သန်း၏ နှလုံးသားကို လေးစား၍ ဖြစ်သည်။ သူသည် ဖြူစင်သော လူသားတစ်ယောက် ဖြစ်လေသည်တကား...

အောင်သန်းအား ချော့မော့၍ သူ၏ မုန့်ထုပ်ကို ပြန်ပေးရင်း သူ သုံးစွဲဖို့ ငွေနှစ်ကျပ်ပေးလိုက်သည်။ နောက်တစ်ပတ်လာတွေ့လျှင် သူ့အတွက် အင်္ကျီလုံချည်များ ပေးမည့်အကြောင်းလည်း ပြောလိုက်သည်။

သည့်နောက် အောင်သန်းသည် မကြာခဏဆိုသလို ကျွန်တော့်အား ထောင်ဝင်စာ လာ၍တွေ့သည်။ သူလာသောအခါတိုင်း ရှာဖွေ၍ရလျှင် သရက်သီးကင်းကလေးများကစ၍ ကျွန်တော် စားဖို့ ရှာဖွေယူလာတတ်သည်။ ထိုသို့ သူ လာတွေ့သောအခါတိုင်း သူသုံးဖို့အတွက် ငွေတစ်ကျပ်စ၊ နှစ်ကျပ်စ ကျွန်တော်က ပေးလိုက်သည်။

များမကြာမီက သူသည် ကျွန်တော့်အား လာရောက်တွေ့ဆုံကာ ရန်ကုန်မြို့၌ အလွန်တရာ အနေအထိုင်ရ ခက်လာသောကြောင့် တောဘက်သို့ ပြန်ဦးမည်ဟု ထူးထူးခြားခြား ပြောဆိုတိုင်ပင်လာ၏။ ကျွန်တော်ကလည်း သူ့အတွက် ဘယ်လိုမျှ နေရာချမပေးနိုင်သေးသဖြင့် သူ တောသို့ ပြန်ရန်အတွက် လမ်းစရိတ် ငါးကျပ်ပေးလိုက်သည်။ ထို့နောက် အောင်သန်းသည် သုံးလကျော် လေးလနီးပါးခန့်မျှ ပျောက်သွားသည်။ သူသည် စိမ်းလန်းသော လယ်ကွင်းများ၌ နွားကျောင်းရင်း ပလွေကြူနေလေပြီဟု အောက်မေ့ထားလိုက်သည်။ သို့ရာတွင် တစ်လောက အင်းစိန်ထောင်မှ ရန်ကုန်ထောင်သို့ ပြောင်းရွှေ့ခြင်းခံရသော ဘဝတူ အကျဉ်းသားတချို့ထံမှ ပျောက်ကွယ်နေသော အောင်သန်း၏ သတင်းကို ကြားရသည်။ အောင်သန်း

mgyoe.com

mgyoe.com


သည် မီးရထားခိုးစီး၍ အင်းစိန်ထောင်၌ ၇ ရက်မျှ နေထိုင်သွားရသော သတင်းဖြစ်သည်။ သူသည် တောမှ ပြန်လာပြန်ပြီလော။ အဘယ်ကြောင့်နည်း။ တောအရပ်ဒေသ၌ အနေရသာ၍ ခက်လေသလော။

အင်းစိန်ထောင်မှ လွတ်သွားပြန်သော သတင်းကို ကြားရပြီးနောက် များမကြာမီ အောင်သန်းသည် ကျွန်တော့်အား ထောင်ဝင်စာ လာတွေ့သည်။ သူသည် ပိန်ချုံးသည်ထက် ပိန်ချုံးလျက်ရှိသည်။ ကောင်းစွာ ကျန်းမာပုံလည်း မရပေ။

"မင်း ဘာပြုလို့ တောက ပြန်လာရပြန်တာလဲကွ"ဟု ကျွန်တော်က မေးကြည့်ရပေသည်။

"တောမှာ သိပ်ဆူတယ် ဆရာရဲ့"

ရှေ့ဆက်၍ ဘာမျှ ပြောစရာအကြောင်းက မရှိပေ။ ကျွန်တော် ပြောပြချင်သည့် အကြောင်းများကိုလည်း အောင်သန်းသည် နားလည်လိမ့်မည်မဟုတ်။ ခပ်လှမ်းလှမ်းတွင် စုံထောက်ကလည်း အညတရ အောင်သန်းနှင့် စာရေးဆရာ ဗန်းမော်တင်အောင်တို့ စကားပြောနေသည်ကို အကဲခတ်နားထောင်နေ၏။

အိတ်ကပ်ထဲ၌ အခန့်သင့်ပါလာသော ငွေတစ်ကျပ်ကို အောင်သန်းအားပေးပြီး၍ ပြန်ထွက်လာတော့မည်အပြု "တစ်ကျပ်နဲ့ ဝယ်စားလို့ မလောက်ဘူး ဆရာ၊ နောက်တစ်ကျပ် ပေးပါဦး" ဟု အောင်သန်းက မတောင်းစဖူး တစ်ကျပ် ထပ်၍ တောင်းသည်။

အဘိရာဇာလက်ထက်မှစ၍ ယခုထက်တိုင် ကုလားများ နိပ်စက်ခြင်းကို အောင်သန်းသည် နားလည်ရှာသည် မဟုတ်သော်လည်း လက်တွေ့ ဝယ်စားရာ၌ အစစ အရာရာ ဈေးတက်နေသောအဖြစ်ကိုကား သိလေသည်။ ထို့အတွက် သူသည် ခါတိုင်း တစ်ကျပ်နှင့် ဝယ်စားနိုင်သော်လည်း ယခုအခါတွင် တစ်ကျပ်နှင့်စား၍ မလောက်သောကြောင့် နောက်ထပ်၍ တစ်ကျပ်တောင်းနေခြင်းသာ ဖြစ်သည်။

ကျွန်တော်သည် အသိ ထောင်မှူးတစ်ဦးထံမှ ငွေတစ်ကျပ်ချေးကာ အောင်သန်းအားပေးပြီးနောက် အုတ်ရိုးအတွင်းသို့ ပြန်လှည့်၍ ဝင်လာခဲ့

mgyoe.com

mgyoe.com


သည်။ အောင်သန်းကတော့ ငွေနှစ်ကျပ်ရသွားသဖြင့် အုတ်ရိုးအပြင်သို့ ပြန်ထွက်သွားလေပြီ။

ကျွန်တော်သည် အိပ်ဆောင်သို့ လေးလံထိုင်းမှိုင်းစွာ ပြန်လာရစဉ် အောင်သန်းအတွက်နှင့် ပတ်သက်၍ အမျိုးမျိုး ဆက်စပ်တွေးလာခဲ့သည်။

အညတရအောင်သန်းကို တတ်နိုင်သမျှ ကူညီလိုသော ကျွန်တော်သည် လွတ်ရက် မရှိသေးသော အကျဉ်းသမားတစ်ဦးဘဝ၌ပင် ရှိနေသေးသည်။

မင်းနေပြည်တော်အရပ်၌ စွန့်ပစ်မေ့လျော့ထားခြင်းခံရသော အောင်သန်းအား ကယ်တင်နိုင်သူများနှင့် ကူညီနိုင်မည့်သူများက အောင်သန်းကို ကူညီကယ်တင်ခြင်း မပြုနိုင်သေးမီကာလအတွင်း ချစ်သော အောင်သန်းအတွက် အလုံခြုံဆုံးနှင့် အသင့်တော်ဆုံး အရပ်ဒေသသည်ကား ရန်ကုန်ထောင်သာလျှင် ဖြစ်တော့သည်တကား။

ချစ်သောအောင်သန်း သင့်အား လူရာမသွင်းသော နေပြည်တော်၌ အရှင်မရှိသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ လေလွင့်နေမည်လော။ သင့်အား ဘဝတူများက လေးစားကြင်နာကြသော ထောင်ထဲသို့ ပြန်လာမည်လော။

●

mgyoe.com

mgyoe.com

# မှောင်ထဲကလူ

[ ၁ ]

လသည် လင်းထိန်စွာ သာလျက်ပင်ရှိလေသည်။

လူသူကင်းရှင်းသော ကုက္ကိုင်းလမ်းကြီးပေါ်ဝယ် လူတစ်ယောက်သည် ဦးခေါင်းကို ငိုက်စိုက်ချကာ လေးလံထိုင်းမှိုင်းစွာ လျှောက်လာနေပါသည်။ သူ့ကို ကြည့်ရသည်မှာ များစွာ စိတ်ပျက်ဖွယ်ရာပင် ဖြစ်သည်။ သို့ရာတွင် သူ့ကိုကြည့်၍ စိတ်ပျက်နေသော လူများအား သူသည် များစွာ စိတ်ဝင်စားမည်ပုံ မရ။ ကုက္ကိုင်းလမ်းဘေးတစ်လျှောက် အိမ်ကြီးအိမ်ကောင်းများမှာ စာတ်မီးများလင်းထိန်ကာ ရေဒီယိုမှ သာယာသော ဂီတဖြင့် သူတို့ကိုယ်သူတို့ ဖြေဖျော်နေကြလေသည်။

သူလျှောက်လာစဉ် လူများ၏ ရယ်သံမောသံများကို မသဲမကွဲ ပင်ကြားနေရလေသည်။

သူသည် ဦးခေါင်းကို ပခုံးထက်တွင်ပင် မထောင်ထားချင်၊ တစ်ရံရောအခါက သူ အင်မတန် ချစ်ခင်မြတ်နိုးခဲ့ဖူးသော ဂီတ၏ သာယာမှုကိုလည်းပဲ မကြားမနာလို။ သူသည် ဦးခေါင်းကို ငိုက်စိုက်ချ၍ လျှောက်လာစဉ် အိမ်ကြီးအိမ်ကောင်းပေါ်မှ လူများသည် သူ့အား ပြောင်လှောင်ကာနာခေါင်းရှုံ့၍ ကြည့်ကောင်းကြည့်နေပါလိမ့်မည်။ သို့ရာတွင် သည်ဟာ

mgyoe.com

mgyoe.com

တွေကို သူသည် များစွာ ဂရုစိုက်မနေနိုင်တော့။ သူ့မှာ အခြားအရေးကြီးသော သူ့ကိစ္စများ ရှိနေပါသည်။ ပြီးတော့လည်း သည်လို သူ့ကို လှောင်ပြောင်၍ နှာခေါင်းရှုံ့ကြသော လောကထဲမှာ သူ လှုပ်ရှားနေခဲ့ရသည်မှာ တော်တော်ပင် ကြာမြင့်လာပြီဖြစ်၍ ရိုးလည်း ရိုးနေပါပြီ။

သူသည် တောင်နှင့်မြောက်ကိုမကြည့်၊ အရှေ့နှင့် အနောက်ကိုလည်း မကြည့်။ သူသည် ဘယ်ကိုမှ မကြည့်ချင်။ မိုးပြာထဲမှ ချစ်စရာဖိုးရွှေလကိုပင် မကြည့်ချင်တော့။ သူ့အတွေးနှင့်သူ မြေကြီးကိုသာကြည့်၍ လေးလံထိုင်းမှိုင်းစွာ လျှောက်လာနေပါသည်။

လွန်လေပြီးသော အတိတ်ကာလသည် သူ့အတွက် တွေးတောစရာ ဖြစ်နေ၍ မျက်မှောက်ပြုနေရသော သူ့လောကသည် ညည်းညူငိုကြွေးသံ၊ ဆာလောင်မွတ်သိပ်ခြင်း စသည်တို့ဖြင့် ဖုံးလွှမ်းထားပါသည်။ သူသည် အနာဂတ်ကာလအား ရိုးသားဖြောင့်မတ်စွာဖြင့် ရင်ဆိုင်ရမည်ကို ကြောက်ရွံ့နေမိလေသည်။ သူလူလုပ်ရသော အချိန်မှစ၍ သူ့ဘဝ၏တိုက်ပွဲသည် နာကျင်ခြင်း၊ ဆုံးရှုံးခြင်းများဖြင့်သာ ပြည့်နှက်ဝိုင်းရံ၍ နေခဲ့ပါသည်။ အဘယ်မျှ နာကျင်၍ ဆုံးရှုံးနေခဲ့စေကာမူ သူသည် မရှောင်မလွှဲ မလွတ်မြောက်နိုင်သော ဘဝ၏တိုက်ပွဲကို သူ့ထံ၌သာရှိသော ခွန်အားဖြင့် ရိုးသားစွာပဲ တိုက်ခိုက်ခဲ့ပါသည်။ ယခုမူ သူ့အင်အားကား ဆုတ်ယုတ်ကုန်ခန်းလုနေပါပြီ။

ကြာပါပြီ။

သူသည်လည်း ပင်ပန်းကြီးစွာနှင့် မွတ်သိပ်ဆာလောင်လျက် ရှိနေခဲ့ပေပြီ။ သူသည် ယောကျ်ားကြီးတစ်ယောက်ဖြစ်သဖြင့် သူ့တစ်ကိုယ်အတွက် ခံနိုင်ရည်ရှိသေးသော်လည်း သူတို့ငှားနေရသော ချောင်ကျကျ ညစ်ပေလှသည့် အခန်းကလေးထဲတွင် ကြာမြင့်စွာ မကျန်းမာနေသော သူ့ချစ်မယား "မေ"၊ သမီးအကြီးကလေး "ပုံ့ပုံ့"နှင့် သားကလေး "မောင်ရေချမ်း" တို့အတွက် တွေးမိတိုင်း ဝမ်းနည်းကြေကွဲမိလေသည်။ သူ၏ ရိုးသား၍ မဟုတ်မခံသော မာနအတွက် သူသည် လောကကြီး၏ ပစ်ပယ်ထားခြင်းကို ခံခဲ့ရလေသည်။ လောကကြီးထဲမှ လူတွေက သူ့အား "မရှိ

mgyoe.com

mgyoe.com


သွေးကြီး"ဟူ၍ သူတို့အချင်းချင်း တီးတိုး လက်ကုတ်၍ပြောကာ သူ့ကို နှာခေါင်းရှုံ့ကြသည်။ သရော်ကြသည်။ တကယ်တော့လည်း သူသည် သူ ဖြူသည်ဟု သေသေချာချာ ယုံကြည်ထားသောကိစ္စကို အခြားသူများက မည်းသည်ဟု ဝိုင်းယုံကြည်၍ ပြောသောအခါ သူသည် အခြားသူများကဲ့သို့ လိုက်၍ မမည်းနိုင်ပါ။ သည်ကစ၍ သူ့ဘဝ၏ အဆင်မပြေသော တိုက်ပွဲကို သူ စခဲ့ရတော့သည်။

သူနှင့် မေသည် စစ်ပြီးခါစ သူ ဗမာ့တပ်မတော်တွင် ဒုတိယဗိုလ် ကလေးဘဝတွင် အကြောင်းပါခဲ့ကြလေသည်။ သူတို့သည် ဂျပန်ခေတ်တွင် တစ်ယောက်နှင့်တစ်ယောက် တွေ့ခဲ့ကြသည်။ သူနှင့်မေ စ၍တွေ့စဉ်က သူသည် ဉပစာအထက်တန်းအထိ သင်ကြားခဲ့ဖူးသော်လည်း စစ်သားကြီး ရိုးရိုးဘဝတွင် ဖြစ်လေသည်။ သူသည် စစ်ထဲတွင် ခဲခဲယဉ်းယဉ်းနှင့် ဒုတိယ ဗိုလ်အဆင့်အတန်းသို့ တက်လာခဲ့ရခြင်းအကြောင်းရင်းမှာလည်း သူ ဖြူ သည် ယုံကြည်ထားသောကိစ္စကို သူ့အထက်မှ လူကြီးက မည်းသည်တိုင် အောင် သူ ဖြူနေခြင်းပင် ဖြစ်လေသည်။

"မေ"က ကျောင်းဆရာမကလေးဖြစ်၍ ဈေးရောင်းနေသည်။ သူက စစ်ဖြစ်သဖြင့် ပညာကို ဆက်မသင်နိုင်တော့ဘဲ စစ်ထဲသို့ စစ်သားဘဝဖြင့် ရောက်လာသည်။ ဈေးသည်နှင့် စစ်သားတို့ တွေ့ကြသည်။ သူတို့ ချစ် ကြိုက်ခဲ့ကြသည်။ စစ်ပြီးသောအခါ သူတို့ လက်ထပ်လိုက်ခဲ့ကြသည်။ သူသည် ဒုတိယဗိုလ်ကလေးဘဝဖြင့် ထိုစဉ်ကာလ အုပ်ချုပ်နေသော မျက်နှာ ဖြူ စစ်အရာရှိများနှင့် သင့်မြတ်အောင် ပေါင်းသင်း၍ မရချေ။ မခံမရပ် နိုင်သည့်အဆုံး၌ မျက်နှာဖြူစစ်အရာရှိတစ်ယောက်၏ နှာခေါင်းမှသွေးကို ချူထုတ်ခါသူသည် ဆဋ္ဌမမြောက် ဂျော့ဘုရင်မင်းမြတ်အား ရာထူးကို ပြန် လည်၍ ပေးအပ်ပြီးနောက် စစ်သား၏အရေကို ချွတ်ခဲ့ရလေသည်။

သူသည် ကျောင်းသားဘဝမှ ပညာတစ်ပိုင်းတန်းလန်းနှင့် စစ်ထဲသို့ ဝင်လာခဲ့ရပြီးနောက် စစ်ထဲမှ လူတောထဲသို့ ဝင်လာရပြန်သောအခါ လူ တွေကို ရင်ဆိုင်ရသည်မှာ သူ အမှတ်တမဲ့ အောက်မေ့ခဲ့သလို မလွယ်ကူမှန်း သိမြင်လာလေသည်။

mgyoe.com

mgyoe.com


ထိုစဉ် သမီးဦးကလေး "ပုံ့ပုံ့"ကို ဆင်းဆင်းရဲရဲနှင့် မွေးဖွားလာခဲ့ရသည်။

သူသည် အလုပ်ကိုရှာလျက်ရှိစဉ် အခြားသော သူ့ထက်ဝက်လောက်မျှ အရည်အချင်းမရှိသောသူများ အလုပ်လုပ်နေသည်ကို တွေ့ရသဖြင့် အံ့ဩမိလေသည်။ စစ်တပ်ထဲတွင် သူ ဗိုလ်ဘဝနှင့်ရှိစဉ်က သူ့လက်အောက် အကြပ်ကလေးများသည် ဗိုလ်ကြီးများ ဖြစ်နေကြလေသည်။ သူ့ကို အလကားလူတစ်ယောက် အနေကဲ့သို့ ဂရုစိုက်၍ပင် မကြည့်၊ သူသာဘယ်နေရာမှ သူ့ကိုယ်ကို နေရာချ၍မရ။ သူသည် အလုပ်ကိုရှာသောအခါ ထောက်ခံချက်ပေးမည့်သူကို မရသဖြင့် အလုပ်မရနိုင်။

ထိုစဉ် သားကလေး "မောင်ရေချမ်း"ကို ခဲယဉ်းပင်ပန်းစွာနှင့် မွေးဖွားလာခဲ့ရပြန်သည်။

ယခင်က သူတို့ဆီ၌ရှိသော ပစ္စည်းကလေးများကား သုံးနှစ်ကျော်လေးနှစ်နီးပါးမျှ အလုပ်မရှိဘဲ ထိုင်စားလာခဲ့ရသဖြင့် ကုန်ခန်းခဲ့ရပေပြီ။ ရောင်းချ၍ ရနိုင်သမျှသော ပစ္စည်းဟူသရွေ့ကို ရောင်းချလာခဲ့ရာ နွေရာသီခြင်ကိုက်သောအခါ ခြင်ထောင်ပင် ထောင်စရာမရှိခဲ့။ တစ်လလျှင် တစ်ဆယ်ပေးရသော အခန်းငှားခကို မပေးနိုင်ခဲ့သည်မှာ ခြောက်လခန့်ပင်ရှိခဲ့ပြီဖြစ်ရကား အိမ်ရှင်သည် နေ့စဉ်နှင့်အမျှ လာရောက်ဆူပူ၍ အိမ်ပေါ်မှ နှင်ချနေခဲ့ပေပြီ။ သည်အထဲ "မေ"သည် မောင်ရေချမ်းကို မျက်နှာမြင်ခဲ့ရစဉ်က သွေးဆေးကောင်းကောင်းမမှီဝဲခဲ့ရသဖြင့် မီးယပ်ရောဂါနှင့် မမာနေသည်မှာ သုံးလကျော်လွန်၍ လာခဲ့သည်တိုင်အောင် ဘာဆေးဝါးမှလည်း မဝယ်ကျွေးနိုင်ခဲ့။ လူကြီးများ အငတ်နေနိုင်သော်လည်း ကလေးများကား အချိန်တန်၍ မစားရလျှင် ငိုယိုကြလေသည်။ အချို့အိမ်နီးနားချင်းများက မနေတတ်သဖြင့် ပေးကြကမ်းကြမှ ကလေးများ စားရရှာကြသည်။

လသည် လင်းထိန်စွာ သာယာလျက်ပင် ရှိလေသည်။

ဒါပေမဲ့တော့ ထိုသူတစ်ယောက်အတွက် လ၏ သာယာခြင်းသည် မရှိ။ သူသည် မနက် ၆ နာရီ အိမ်မှထွက်ခဲ့ကတည်းက တစ်နေကုန် လမ်းလျှောက်နေခဲ့သည်။ သူသည် ကောင်းသောအသက်မွေးဝမ်းကျောင်းကို

mgyoe.com

mgyoe.com


ပင်ပန်းကြီးစွာ လိုက်၍ရှာခဲ့ပေပြီ။ သူသည် မတွေ့။ တွေ့သောအခါ၌လည်း မရ။

တစ်သောင်းကျော်ပေးရသော ကားကြီးများကို စီးသွားသော လူများကို သူ ထူးဆန်းစွာ ကြည့်နေမိပါသည်။ သည်လူတွေ ငွေကို ဘယ်လိုများ ရအောင်ရှာကြသလဲ။ သူ အံ့သြနေမိသည်။ သူသည် ထမင်းပင် နပ်မှန်မှန် မစားရ၊ ဘာကြောင့်များ သူသည် အလုပ်ကို ရှာပါလျက်၊ လုပ်ချင်ပါလျက် အလုပ်မရဘဲ ထမင်းငတ်နေရပါသနည်း။ သူ ငတ်သည်မှာ တော်သေးသည်။ မမာနေသော မယားနှင့် ကလေးများ ငတ်နေသည်ကို သူ မခံနိုင်။

ကြာပါပြီ။

သူသည် ဖွဲကောင်းကောင်းနှင့် သည်းညည်းခံခဲ့ပါသည်။ ယခု တော့မှ သည်းညည်းမခံချင်တော့၊ သည်းညည်းခံခြင်းဖြင့် ငတ်နေရသည်။ ငတ်မနေရအောင် သည်းညည်းမခံမှသာပဲ ဖြစ်တော့မည်။

လူသူကင်းရှင်းသော ကုက္ကိုင်းလမ်းမကြီးပေါ်မှာ လျှောက်လာရင်း သူ တွေးတော၍ လာခဲ့လေသည်။ သူသည် အလင်းရောင်ထဲမှာ သည်းညည်းခံ၍ ရိုးသားဖြောင့်မတ်စွာ ထမင်းကို တောင်းသောအခါ ဤလောကသည် သူ့ကို လှောင်ပြောင်ကာ နှာခေါင်းရှုံ့၍ မောင်းထုတ်လိုက်လေသည်။ သူသည် ထမင်းကိုရမှသာပဲ အသက်ရှင်နေနိုင်ပေမည်။ လူ့တာဝန်သည် အသက်ရှင်နေနိုင်ဖို့ပဲ မဟုတ်ပါလော။ တကယ် ငတ်မွတ်ဆာလောင်လာသောအခါ လူသည် ဥပဒေကို နားမလည်တတ်ပါ။

သူသည် မမာနေသော "မေ"နှင့် သားသမီးကလေးများအတွက် ထမင်းနှင့် ဆေးကိုသာ ရမှဖြစ်နိုင်တော့မည်။ သည်လိုမှ မရဘဲ သူသည် အိမ်ကို မပြန်တော့ဟု ဆုံးဖြတ်၍ ထွက်လာခဲ့သည်။ အလင်းရောင် အောက်မှာ လှည့်လည်၍ သူ ရှာခဲ့သည်။ ငြင်းပယ်လိုက်ခြင်းနှင့် လှောင်သရော်ခြင်းများကိုသာ သူ ခံခဲ့ရလေသည်။

အလင်းရောင်ကုန်ဆုံးသော နေ့တာ၏နောက်ပိုင်း၌ ည၏အမှောင်သည် ဝင်ရောက်၍ လာခဲ့ပေပြီ။ ဒါပေမဲ့ သူလိုလူတစ်ယောက်အတွက် လ၏သာယာခြင်းသည် မရှိ။

mgyoe.com

mgyoe.com

သူသည် သူ၏ခါးထဲမှ ဓားမြှောင်ကို စမ်းကြည့်လိုက်လေသည်။ သူသည် အရပ်လေးမျက်နှာကို ကြည့်လေသည်။ မိုးပြာထဲက ဖိုးရွှေလကိုလည်း မော်၍ ကြည့်လိုက်ပါသေးသည်။ ပြီးတော့ လမ်းဘေးသို့ သူသည် ဖဲ၍ ဆင်းလိုက်သည်။

ကျယ်ဝန်းသောခြံကြီး၏ စည်းရိုးထောင့်ရှိ ပိတောက်ပင်ရိပ်အောက်မှာ သူသည် ရပ်လိုက်ပေပြီ။

* * *

ခေါင်းရင်း မှန်ပြတင်းတံခါးမှ စိမ့်၍ဝင်ရောက်လာသော လရောင်သည် သူမ၏ အုံးစက်ရာသို့ ဖြာဆင်းကာ ကျရောက်နေသဖြင့် "မိမိမြ" သည် လရောင်၏ သာယာအေးမြခြင်း၌ ကြည်နူး၍ နေမိလေသည်။

ဧည့်ခန်းဆောင်မှ တိုက်ကပ်နာရီကြီး၏ ၁၁ နာရီထိုးသံကို ကြားခဲ့ရပြီးနောက်၌ပင် မိမိမြသည် အိပ်ပျော်ချင်စိတ် မရှိသေးပါ။ ခါတိုင်း ၁၁ နာရီမထိုးမီ အိပ်ရာဝင်ခဲ့၍ ၁၀ နာရီမခွဲမီ အိပ်ပျော်ခဲ့လေ့ရှိသော်လည်း ယနေ့ညတော့မူ ထူးထူးခြားခြား အိပ်မပျော်နိုင်အောင် ရှိနေခဲ့လေသည်။ သူမမှာ ဘာမျှပူစရာ ပင်စရာမရှိ။ အစစအရာရာ စိတ်အေးချမ်း၍ ပြည့်စုံသော သူဌေးသမီးတစ်ယောက် ဖြစ်လေသည်။ လောကကြီးသည် သူမအတွက် အစစ၊ အရာရာ ပြည့်စုံအောင် စီမံ စောင့်စား၍နေပါသည်။ အသက် ၂၀ တွင် သူမသည် ဘီအေအောင်ခဲ့ပြီးနောက် ကျောင်းမှထွက်ခဲ့လေသည်။ သူမနှင့် စေ့စပ်ကြောင်းလမ်းထားသော စက်ရှင်တရားသူကြီးတစ်ဦး၏သား ကိုမြင့်ဦးသည် အင်္ဂလန်၌ ပညာတော်သင်အဖြစ် သွားရောက်နေရာမှ မကြာမီပင် ပြန်ရောက်လာကာ သူမနှင့် လက်ထပ်ကြတော့မည်။ ဂုဏ်စည်းစိမ် စသည်တို့သည် မိမိမြအတွက် မလိုတော့...

ဒါပေမဲ့... လရောင်ဖြာသော အုံးစက်ရာမှ မိမိမြ တစ်ယောက်တည်းတော့ အလှအပနှင့် ချစ်စရာကလေးများကို စိတ်ကူးယဉ်ကြည့်ကာ နေမိလေသည်။ သာယာသော ဆိတ်ငြိမ်ခြင်း၏ ရင်ခွင်ဝယ် မိန်းမပျိုကလေးများသည် တစ်ယောက်တည်း ရောက်တတ်ရာရာ စိတ်ကူးယဉ်လေ့ရှိတတ်

mgyoe.com

mgyoe.com

ကြပါသည်။ သည်လို စိတ်ကူးယဉ်ရသောအလုပ်မှာ သူမတို့၏ စည်းစိမ်တစ်ခုလည်း ဖြစ်ပါလိမ့်မည်။

မိမိမြသည် ည ၆ နာရီမှ ၉ နာရီအထိ အင်္ဂလိပ်ရုပ်ရှင်ကားတစ်ခုကို သွားရောက်ကြည့်ရှု၍ ပြန်လာခဲ့ရသဖြင့် သူမ ကြည့်လာခဲ့ရသော ရုပ်ရှင်ထဲမှ စိတ်ကူးယဉ်စရာကလေးများကို စိတ်ကူးယဉ်နေခဲ့ခြင်း ဖြစ်လေသည်။ ရုပ်ရှင်မှာ ရောမရာဇဝင်ကို နောက်ခံကား ပြုလုပ်ထားသော ဘားနာဒ်ရှော၏ပြဇာတ် "စီဆာနှင့် ကလီယိုပတ္တရာ" ဖြစ်လေသည်။ ဘားနာဒ်ရှော၏ပြဇာတ်ကို ဖတ်ခဲ့ဖူးသဖြင့် သဘောကျခဲ့သည့်အလျောက် ရုပ်ရှင်သွားကြည့်သောအခါ ဘားနာဒ်ရှော ဖန်တီးထားသည့် ကလေးမသဖွယ် ကလီယိုပတ္တရာကို လှပစွာ တွေ့မြင်ခဲ့ရသဖြင့် သူမစိတ်ထဲတွင် စွဲလမ်းကာ စိတ်ကူးယဉ်နေမိခြင်းပင် ဖြစ်လေသည်။

ထိုသို့ စိတ်ကူးယဉ်နေစဉ် "ကျွီ"ခနဲ တံခါးဖွင့်သံကို ကြားရသဖြင့် ရုတ်တရက်သော် လန့်ဖျပ်သလို ဖြစ်သွားရာမှ အသာထိုင်လိုက်သောအခါ စားမြွောင်ကိုမြွောက်၍ မိမိဆီသို့လျှောက်လာရင်း အသံမပြုရန် အချက်ပြနေသော လူတစ်ယောက်ကို တွေ့မြင်နေရသဖြင့် မျက်လုံးအပြူးသားနှင့် ကြည့်နေမိလေသည်။

ထိုသူသည် မိမိမြ ထိုင်နေသော ခုတင်ဘေးဝယ် အေးချမ်းစွာ ရပ်လိုက်လေသည်။

"ကြောက်နေသလား၊ အသံမပြုပါဘူးလို့ ကတိပြုရင် ကျုပ် စားကို ပြန်ပြီးတော့ သိမ်းထားလိုက်ပါ့မယ်၊ မကြောက်ပါနဲ့" ထိုသူသည် အေးချမ်းစွာ ပြောနေပါသည်။ ပြီးတော့လည်း ထိုသူ၏ အမူအရာမှာ တည်ကြည်ကာ သိမ်မွေ့နူးညံ့လှသဖြင့် သူ့ကို သူခိုးဓားပြတစ်ယောက်ဟု မှတ်ယူရန်ပင် မိမိမြအဖို့ ခဲယဉ်းစွာ စဉ်းစားနေရလေသည်။

"တကယ်ဆိုတော့ ခင်ဗျားလို ဂုဏ်အသရေရှိ အမျိုးသမီးတစ်ဦးတစ်ယောက်ရဲ့ အခန်းထဲကို ဒီလို လက်နက်နဲ့ ဝင်လာရတာဟာ ကျွန်တော့်အဖို့ ဝမ်းနည်းစရာ၊ ရှက်စရာကောင်းပါတယ်။ ကျွန်တော် တောင်းတော့ တောင်းပန်ချင်ပါရဲ့။ ဒါပေမဲ့ ကျွန်တော် ခုလို လာခဲ့ရတာကတော့

mgyoe.com

mgyoe.com


ခင်ဗျားဆီက ငွေကလေး သုံးလေးရာလောက် မရရင် မဖြစ်တော့လို့ တောင်းဖို့လာခဲ့ပါတယ်" သူသည် မိတ်ဆွေတစ်ယောက်ဆီမှာ တောင်းသလို အေးချမ်းစွာပဲ တောင်းနေလေသည်။

မိမိမြအဖို့ ထူးဆန်းလှသော လူတစ်ယောက် ဖြစ်နေလေသည်။ သူ့ကို ကြည့်ရသည်မှာ ဆိုးသွမ်းမိုက်မဲလှသော သူခိုးဓားပြတစ်ယောက်နှင့် အလျင်းမတူဘဲ ထမင်းဆာနေသော ပညာတတ်ယောကျ်ားတစ်ယောက်နှင့် တူနေပါသည်။ သူသည် သူခိုးဓားပြကဲ့သို့ လက်နက်ကိုင်၍ သူမ အခန်းထဲသို့ ဝင်လာခဲ့ပြီးသည့်နောက်မှာ ဘီလူးကြမ်း မကြမ်းပါဘဲ ရှာပုံတော်ကြီးကို သီဆိုနေပါသည်။

"ရှင် သူခိုးလား၊ ဓားပြလား" မိမိမြသည် မထင်မှတ်ဘဲ ရုတ်တရက် မေးလိုက်မိလေသည်။

"နှစ်ခုစလုံးပဲ ထင်နိုင်ပါတယ်။ ကျေးဇူးပြု၍ အလွယ်ရှိရင် ငွေ သုံးလေးရာလောက် မစပါခင်ဗျာ"

"ရှင်ဟာ ဘယ်နည်းနဲ့မှ သူခိုးဓားပြ မဟုတ်နိုင်ဘူး"

"ဆာလောင်ငတ်ပြတ်နေတဲ့ လူအတွက် ဥပဒေဟာ ကြောက်စရာ မဟုတ်ပါဘူး ခင်ဗျာ"

ခံ့ညားသော သူ့ဝါကျကလေးများသည် သူ၏ ဖုံးကွယ်ထားသော ဥပဓိရုပ်ကို မသိမသာ ဖော်ပြနေကြလေသည်။ မိမိမြသည် သူ့ကို ဂရုစိုက်၍ ကြည့်နေမိလေသည်။ သူသည် အသက် ၂၅ နှစ်ခန့်မျှသာ ရှိပေလိမ့်ဦးမည်ဟု ခန့်မှန်းရလေသည်။ သူ့အဝတ်အစားများမှာ လျှော်ဖွပ်ရဖန်များသဖြင့် အရောင်အဆင်းနှင့် အကွက်မျှပင်မပေါ်။ သို့ရာတွင် သူ့မှာ အပေါ်အင်္ကျီနှင့် သေသပ်စွာ ဝတ်ဆင်ထားလေသည်။ ကျက်သရေရှိသော သူ့ရုပ်သွင်နှင့် ခံ့ညားတောင့်တင်းသော ကိုယ်လုံးကိုယ်ထည်မှာ ထမင်းဆာသဖြင့် နွမ်းနယ်ပုံရသည်မှအပ ပကတိ လေးစားဖွယ်ရာ ယောကျ်ားကောင်း ပီသလေသည်။

"ရှင့်မှာ လက်ခြေအစုံအလင်နဲ့ ဘာလို့ အလုပ်မလုပ်ဘဲ ဒီ ညစ်ပတ်ညံ့ဖျင်းတဲ့အလုပ်ကို လုပ်ရတာလဲ ရှင်" မိမိမြသည် သူ့အင်္ကျီရုပ်ကို နီးကပ်

mgyoe.com

mgyoe.com


စွာ တွေ့မြင်လာရသောအခါ ကြောက်ရွံ့ခြင်း မရှိတော့ဘဲ စိတ်ဝင်စားဖွယ် ပင် မေးလိုက်မိလေသည်။

သူသည် နှမ်းနယ်စွာပဲ ပြုံးလိုက်သည်။

"ခင်ဗျား ဒီလိုမေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီမေးခွန်း ဟာ ကျွန်တော့်အဖို့ ကနေ့ညမတိုင်မီရဲ့ အတိတ်ကာလမှာ ဟောင်းနွမ်းပြီး နေခဲ့ပါပြီ ခင်ဗျာ"

"ရှင့်မှာ အားထားစရာ မိဘသားချင်းထဲက မရှိတော့ဘူးလား ဟင်"

"ကမ္ဘာပေါ်မှာ ကျွန်တော် တစ်ယောက်တည်း ရှိပါတယ်။ ပြီးတော့ မေရယ်၊ ပုံ့ပုံ့ရယ်၊ လူကလေး ကိုရေချမ်းရယ်"

"မေဆိုတာက ရှင့် မိန်းမလား"

"ဟုတ်တယ်၊ အခု မမာနေတာ သုံးလကျော်ပြီ။ ဆေးလည်း မစား ရဘူး၊ ထမင်းလည်း မစားရဘူး"

"ပုံ့ပုံ့နဲ့ ကိုရေချမ်းဆိုတာက ရှင့်ကလေးတွေလား"

"ဟုတ်တယ်၊ သမီးကလေး ပုံ့ပုံ့က သုံးခါလည်၊ သားငယ် ကိုရေ ချမ်းက အခါလည်သာသာရှိပြီ"

"ဘုရားရေ...ရှင့်မိန်းမနဲ့ ကလေးတွေကို ဒီလိုပဲ ရှင် အငတ်ထား သလား"

"ကြာပါပြီ၊ ဒါကြောင့် ကနေ့ညတော့ ကျွန်တော် သည်းညည်း မခံနိုင်တော့လို့ ကျွန်တော့်ဘဝဟောင်းကို စွန့်လွှတ်လိုက်တာပါပဲ။ ဒီ အချိန်ကစပြီး ကျွန်တော့်ဘဝဟာ အလင်းထဲက အမှောင်ထဲကို ရောက် သွားပြီ။ မှောင်ထဲမှာပဲ ကျွန်တော့်အဖို့ ထမင်းချက်ပြီး ခူးခပ်ထားတာ ရှိနေတယ်။ ဒါကြောင့် မှောင်ထဲမှာပဲ နူးလွယ်နပ်လွယ် ခူးခပ်ထားတဲ့ ထမင်း ကို ကျွန်တော် စားရပါလိမ့်မယ် ခင်ဗျာ"

"ရှင် ဝမ်းမနည်းဘူးလား"

"ကျွန်တော့်မှာ မျက်ရည်တွေ ခန်းနေတာ ကြာပါပြီ"

"ရှင်ဟာ တော်တော်ဆန်းတဲ့ လူတစ်ယောက်ပဲနော်"

သူသည် လွမ်းဆွေး၍ မနေချင်တော့...

mgyoe.com

mgyoe.com


"အားနာပါရဲ့ဗျာ၊ ကျွန်တော့်ကို ငွေကလေး သုံးလေးရာလောက်သာပဲ"

ထိုအခိုက် အခန်းအတွင်းသို့ လူတစ်ယောက် ဖြည်းညင်းစွာ ဝင်လာသံကို မသဲမကွဲ ကြားရသလိုရှိပြီးနောက် အခန်းတွင်းမှ ဓာတ်မီးသည် ရုတ်တရက် လင်း၍သွားလေသည်။

"ဟေ့...သူခိုး မပြေးနဲ့" တစ်စုံတစ်ယောက်၏ အမိန့်ပေးသံကို ကြားလိုက်ရသဖြင့် ထိုသူသည် အသံလာရာဆီသို့ လှည့်၍ကြည့်လိုက်သောအခါ သူ့အား ခြောက်လုံးပြူးနှင့် ချိန်ရွယ်ထားသော မိမိမြ၏ ဖခင် သူဌေး ဦးဘကျော်ကို ရင်ဆိုင်နေရလေသည်။ မိမိမြသည် အံ့အားသင့်နေရာမှ သူမ ဖခင်ဆီသို့ ရုတ်ခနဲ ထ၍ပြေးသွားကာ သူ့အား သက်ညှာသော မျက်လုံးများဖြင့် ပြန်၍ ကြည့်နေလေသည်။

သူသည် ဦးခေါင်းကို ငိုက်စိုက်ချလိုက်ကာ ငြိမ်ဝပ်စွာပဲ ရပ်နေပါသည်။

"သမီး၊ တယ်လီဖုန်းနဲ့ ဂါတ်ကို အကြောင်းကြားလိုက်"

မိမိမြသည် သူ့အား သက်ညှာသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေပြီးမှ ခေါင်းကိုငုံ့ကာ အခန်းအပြင်သို့ ထွက်သွားလေသည်။

သူသည် သူ့အား သေနတ်ဖြင့်ချိန်ထားသော အိမ်ရှင်အား မော်၍ကြည့်ကာ တိုတောင်းလှသော စကားကလေးတစ်ခွန်းကို အေးချမ်း တည်ကြည်စွာပဲ ပြောပြလိုက်ရှာသည်။

"ကျွန်တော် လူကောင်း ပြန်မဖြစ်နိုင်တော့ပါဘူး ခင်ဗျာ" သည်ဟာပဲ။ ပြီးတော့ သူ့ဦးခေါင်းသည် ပြန်၍ ငုံ့သွားကာ သူသည် ငြိမ်သက်စွာပဲ ရပ်နေလိုက်ပါသည်။

[ ၃ ]

ခံ့ညားလှသော စတူဒီဘေကာ မော်တော်ကားကြီးတစ်စီးသည် ပုလိပ်ရုံးကြီးမှ ထွက်ခွာ၍ ဆူးလေဘုရားကိုကွေ့ကာ လူရှုပ်သော ဆူးလေဘုရားလမ်းအတိုင်း ခပ်မှန်မှန်ပင် မောင်း၍လာလေသည်။ ကား၏

mgyoe.com

mgyoe.com


နောက်ခန်းတွင် သူ့ဗွေး ဦးဘကျော်တို့ ဇနီးမောင်နှံနှင့် သမီး မိမိမြတို့ ပါလာကြလေသည်။ သူတို့သည် သူတို့အိမ်ခိုးမှုနှင့် ပတ်သက်၍ အမှု စီရင်ချက် ချမှတ်ပြီးသဖြင့် ရုံးမှ ပြန်လာကြခြင်းပင် ဖြစ်လေသည်။

ဦးဘကျော်သည် သူ၏ သူ့ဗွေးကတော်အား ယိုးဒယားကုန်သည် တစ်ဦးလာပြသော "မြ"အကြောင်းကို ပြောပြနေပါသည်။ သို့ရာတွင် သူတို့ပြောနေကြသော "မြ"အကြောင်းကို ဘေးမှထိုင်၍ ငြိမ်သက်စွာ လိုက်ပါလာသော သူတို့၏ သမီးဖြစ်သူသည် ကြားချင်မှ ကြားမည်ကို သူတို့မသိ မှန်ပါသည်။ မိမိမြသည် သူမဖခင်နှင့် မိခင်တို့ မြိန်ရှက်စွာ ပြောနေကြသော နှစ်ထောင်တန် "မြ" ကြီးအကြောင်းကိုတော့ဖြင့် စိတ် မဝင်စားမိပါ။ စိတ်မဝင်စားသဖြင့်လည်း နားမထောင်ချင်ပါ။ သူမ စိတ် ဝင်စားသောအရာမှာ လွန်ခဲ့သော နာရီပိုင်းက အချိန်ကလေးသာပဲ ဖြစ်လေ သည်။

ဝက်ခြံထဲမှ တရားခံ၏ သနားဖွယ်ရာ အမူအရာကိုသာ မျက်စိ ထဲတွင် မြင်နေပါသည်။ သူသည် ဘာမျှလည်းမပြော၊ ငြင်းလည်းပဲ မငြင်း၊ ငြိမ်သက်စွာပဲ ခေါင်းငုံ့၍ တွေးတောနေပုံ ထင်ရလေသည်။

"တရားခံ မောင်အေးသွင် ဘာများ ပြောချင်သေးသလဲ" တရား သူကြီးသည် ခံ့ညားတည်ကြည်စွာပဲ မေးလေသည်။

"မရှိပါဘူး ခင်ဗျာ" သူသည် အေးချမ်းစွာပဲ တရားသူကြီးကို မော်၍ကြည့်ကာ ပြောပြလိုက်လေသည်။

ရုံးခန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာ စီရင်ချက်ကို နားစွင့် နေကြသည်။

"တရားခံမှာ ပြစ်မှုထင်ရှားတဲ့အတွက် အလုပ်ကြမ်းနဲ့ ထောင်ဒဏ် နှစ်နှစ်"

စီရင်ချက်ကား ချမှတ်လိုက်ပေပြီ။

သူသည် စီရင်ချက်ကို ကြားနာရပြီးသောအခါ ခေါင်းကိုမော်၍ မိမိမြအား လှမ်းမျှော်၍ ကြည့်လေသည်။ သူ့မျက်လုံးများသည် တစ်စုံ တစ်ရာကို ပြောချင်သလို၊ တောင်းပန်ချင်သလိုလိုနှင့် အားထားစွာ ကြည့်

mgyoe.com

mgyoe.com


နေပါသည်။ ထိုစဉ် ပုလိပ်များသည် သူ့ကို လက်ထိတ်ခတ်လိုက်ကြကာ ဝက်ခြံထဲမှ ဆွဲခေါ်၍သွားကြလေသည်။

တစ်သက်နှင့်တစ်ကိုယ် ယခု အသက် ၂၀ ကျော် ၂၁ နှစ်ထဲသို့ ရောက်လာခဲ့သည့်တိုင်အောင် ဤနေ့၊ ဤရက်၊ ဤအချိန်အခါ၌ စိတ်ထိခိုက်ခြင်းမျိုး မိမိမြ၌ တစ်ခါမျှ မတွေ့ကြုံ မခံစားခဲ့ရဖူးချေ။ အဘယ် သူစိမ်းယောကျ်ားတစ်ယောက် အပေါ်ဝယ်မှ ဤမျှလောက်သော သနားကရုဏာသက်ခြင်း မရှိခဲ့ဖူးချေ။ အမှု အစမှအဆုံးအထိ တရားခံဘက်မှ လာရောက်မေးမြန်း နားထောင်သူ တစ်ယောက်တလေမျှပင် မရှိခဲ့။

"ကမ္ဘာပေါ်မှာ ကျွန်တော် တစ်ယောက်တည်းပဲ ရှိပါတယ်"တဲ့။ သူ့စကားကလေးများကို ကြားယောင်လာမိပါသည်။

"ပြီးတော့...မေရယ်၊ ပုံ့ပုံ့ရယ်၊ လူကလေး ကိုရေချမ်းရယ်" သူ့ကို မှီခိုအားထား၍ အသက်ရှင်နေရရှာသော သူ့ချစ်မယား မေနှင့် သားအမိကလေးများခမျာတို့သည် သူ့ကို လာမကြည့်နိုင်၊ မမြင်နိုင်ကြသည်မှာ မသိ၍လော၊ မလာနိုင်ရှာ၍ပင်လော...

အိမ်သို့ ကားရောက်၍ သူမ အခန်းထဲသို့ ဝင်လာကာ အိပ်ရာပေါ်တွင် လှဲချလိုက်ရင်း မိမိမြသည် သည်အကြောင်းများကိုသာပဲ တွေးတောစဉ်းစားနေမိလေသည်။ စိတ်မကောင်း ဖြစ်နေမိလေသည်။ ထိုသူ မိမိအခန်းထဲသို့ ဝင်လာသည့်အချိန်မှစပြီး ဝက်ခြံထဲမှ ပုလိပ်များက လက်ထိတ်ခတ်ပြီးနောက် ပါသွားရသည်အထိ မိမိမြ မျက်စိထဲမှာ လွမ်းစရာရုပ်ရှင်ကားတစ်ခုကို ကြည့်နေရသလို ဖြစ်နေပါသည်။

"သူ့မိန်းမ နာမည်ကလည်း မေတဲ့၊ ဘယ်လောက်လှတဲ့ နာမည်ကလေးလဲ။ ပြီးတော့ အပျိုတုန်းက ကျောင်းဆရာမ လုပ်သတဲ့။ ဒါပေမဲ့ မမာနေတာ သုံးလကျော်ပြီ၊ ဆေးလည်း မစားရဘူး၊ ထမင်းလည်း မစားရဘူးတဲ့၊ ဖြစ်မှဖြစ်ရပလေကွယ်"

"သူ့သမီးဦးကလေး နာမည်ကလေးကလည်း "ပုံ့ပုံ့"တဲ့၊ သနားစရာ သုံးခါလည်အရွယ်၊ သားကလေးက ကိုရေချမ်းတဲ့၊ ချစ်စရာနာမည်ကလေး။ ဒါပေမဲ့ ကလေးတွေကို မနေနိုင်တဲ့ အိမ်နီးနားချင်းတွေက

mgyoe.com

mgyoe.com


ထမင်းကျန်၊ ဟင်းကျန်ကလေး ပေးကြကမ်းကြလို့ စားနေရရှာသတဲ့။ တယ်ပြီး...ဆင်းရဲလှပါကလားနော်”

သူမကိုယ်တိုင် တွေ့ကြုံခံစားနေရသော ဘဝလို အောက်မေ့နေမိလေသည်။ သို့ရာတွင် မိမိမြသည် ရုံးမှအပြန် သူမ မိဘများ လမ်းတွင် ပြောလာကြသော ယိုးဒယား ကျောက်ကုန်သည်တစ်ဦးထံမှ နှစ်ထောင်တန် “မြ”ကြီးနှင့် သူမ စီးနေသော သောင်းငါးထောင်နီးပါး ပေးခဲ့ရသော စတူဒီဘေကာ ကားကြီးကို ဝယ်နိုင်သောငွေများ အဘယ်ကဲ့သို့ရှာဖွေလုယက် လိမ်ကောက်ကာ မတရားယူခဲ့ရသည်ကို နားမလည်။

ငယ်စဉ်က သွန်သင်ကြားနာ၍ စွဲမြဲယုံကြည်နေသော ကံတရားကိုသာပဲ ဗုဒ္ဓဘာသာ သားသမီးပီသစွာ ပုံချလိုက်သည်။

ပြီးတော့ သူပြောတာ ရှိပါသေးသည်။

“ရှင် ဝမ်းမနည်းဘူးလား”ဟု သူမက မေးလိုက်မိသောအခါ သူ ပြန်၍ပြောပြရှာသော စကားကလေးများမှာ မိမိမြ၏ အသည်းနှလုံးကို လှုပ်ကိုင်လိုက်တော့သလားပဲ ထင်ရသည်။

“မျက်ရည်တွေ သူ့မှာ ခန်းနေတာ ကြာပါပြီ”တဲ့။ သည်ဟာပဲ ရိုးသားစွာ သူ ဝန်ခံလိုက်သည်။ သူသည် ဘီလူးကြိမ်း ကြိမ်းရမည့်အခန်းတွင် လွမ်းစရာရှာပုံတော်ကြီးကိုလည်း သီဆိုခဲ့ပါသေးသည်။

သူ့ကို ထူးကဲစွာ လေးစားကာ သနားမိသောအခါ သူ ထောင်ကျသွားသော နောက်ပိုင်း၌ ဘာမျှမသိဘဲ ကျန်ရစ်ခဲ့ရှာမည်ဖြစ်သော သူ့သားမယားများအတွက် မိမိမြ ပူပန်မိလေသည်။

လင်နှင့် ဖခင် ပြန်လာခဲ...ပြန်လာခဲနှင့် မယားနှင့် ကလေးများသည် မွတ်သိပ်စွာပဲ မျှော်နေကြရှာပေတော့မည်။ ကိုအေးသွင်ကား သူတို့ဆီသို့ နှစ်နှစ်အတွင်း ပြန်မလာနိုင်တော့ပြီ။ မြင့်မားသော အုတ်နံရံတံတိုင်းကြီးများထဲမှာသာပဲ။ သားမယားများကို သတိတရရ ပူပန်ခြင်းကြီးစွာဖြင့် သူသည် စိတ်ဆင်းရဲ၊ လူဆင်းရဲ ဖြစ်နေရပေတော့မည်။

မိမိမြသည် အိပ်ရာမှ လူးလဲ၍ထကာ ရပ်လိုက်ပြီးနောက် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်လေသည်။

mgyoe.com

mgyoe.com


"အားနာပါရဲ့ဗျာ၊ ကျွန်တော့်ကို ငွေကလေး သုံးလေးရာလောက် သာပဲ" သည်စကားကလေးများကို သူမဘေးနားမှာ ယခုပင် ကပ်၍ ပြော နေသလို ကြားယောင်နေမိပါသည်။

* * *

ခံ့ညားသော စတူဒီဘေကာ ကားသစ်ကြီးတစ်စီးသည် ညစ်ပေ လှသော ကျောက်မြောင်းရပ်ကွက်ဘက်ရှိ ချောင်ကျလွန်းလှသော အခန်း ကလေးတစ်ခုရှေ့ဝယ် ညင်သာစွာပဲ ထိုးရပ်သွားလေသည်။

ကားတံခါးသည် ပွင့်သွားကာ မိမိမြသည် လက်ကိုင် သားရေ အိတ်နှင့် ဆင်းလာပြီးနောက် အခန်းကလေးနံပါတ်ကို စူးစမ်းစွာ ကြည့် လေသည်။ အခန်းတံခါး၏ နံပါတ်မှာ မှန်ပါသည်။ သို့ရာတွင် အခန်း ကလေးမှာ လူသူမနေနိုင်တော့သည့်အလား ပိတ်၍ထားကာ တိတ်ဆိတ် ငြိမ်သက်ပြီး ဟိုဟိုဒီဒီကို မေးမြန်းစုံစမ်းနိုင်ရန် မိမိမြသည် ဟိုဟိုဒီဒီ လှမ်း၍ ကြည့်မိလေသည်။

သည်လို ခံ့ညားသစ်လွင်လှသော ကားကြီးကို မမြင်ဖူးကြသော ထိုအနီးအနားတစ်ဝိုက်မှ လူများသည် အထူးအဆန်းသဖွယ်ပင် မိမိတို့ အခန်းကလေးများ အတွင်းမှသာပဲ ငြိမ်သက်စွာ ကြည့်နေကြလေသည်။

တစ်စုံတစ်ယောက်တလေမျှ ထွက်လာသည်ကို မိမိမြသည် မတွေ့ ရသောအခါ အားငယ်စိတ်ပျက်၍ သွားမိလေသည်။ ဘယ်သူဘယ်ဝါကို မေးမြန်းရမည်မသိဖြစ်နေစဉ် ဟောင်းနွမ်းသော်လည်း သန့်ရှင်း သေသပ်စွာ ဝတ်စားလာသော အသက် ၅၀ ခန့် ရုပ်ရည်သန့်သန့်နှင့် လူကြီးတစ်ယောက် သူမဆီသို့ လျှောက်လာသည်ကို တွေ့နေရသဖြင့်...

"ဘကြီးက ဒီအရပ်ထဲကပဲလား ရှင်"ဟု ချောင်းရိုသေစွာပဲ မေးလိုက် မိလေသည်။

"အေးကွယ့်... သူငယ်မက ဘယ်သူ့ တွေ့ချင်လို့လဲ" ဘကြီးက ပြန်၍ ပြောပြလေသည်။

"ကိုအေးသွင်ဆိုတဲ့လူရဲ့ မိန်းမနဲ့ ကလေးတွေကို တွေ့ချင်လို့"

mgyoe.com

mgyoe.com


"သြော်" ဘကြီးသည် မိမိမြအား အံ့အားသင့်စွာ ကြည့်ရင်း ဘာမှ မပြောနိုင် ရှိနေပါသည်။

"ကိုအေးသွင်က ပြောလိုက်တဲ့ အိမ်နံပါတ်ကို လာရှာတော့လည်း လူတွေ မတွေ့လို့ ဘကြီးရယ်"

"မောင်အေးသွင်နဲ့ သူငယ်မက ဘာတော်သလဲ၊ မောင်အေးသွင် တစ်ယောက်ကော ဘာများဖြစ်နေလို့လဲ ဟင်...သူငယ်မ" ဘကြီးသည် သူမ၏အမေးကို မဖြေဘဲ သူကသာ မေးနေပြန်တော့သည်။

"ကိုအေးသွင်နဲ့ ဘာမှ မတော်ပါဘူး၊ သူတော့ ရှိပါတယ်" ရိုးသားစွာပဲ မိမိမြက ပြောလေသည်။

"ဒီသူငယ်ဟာ တော်တော် ခွကျတဲ့ သူငယ်ပဲ သူငယ်မရဲ့။ သူ့မိန်းမ မမာလျက်နဲ့ ထွက်သွားလိုက်တာ ဘယ်လောက်ကြာပလဲ။ ခုထက်ထိ ပြန်ပြီး မလာသေးဘူး။ ဒီမှာဖြင့် သူ့မိန်းမကို အရပ်က မနေနိုင်လို့ ဝိုင်းပြီး သင်္ဂြိုဟ်လိုက်ကြရတာ ကနေ့ပါနဲ့မှ ၃ ရက်ပဲ ရှိသေးတယ်"

"သူ့မိန်းမ ဆုံးပြီ၊ ဟုတ်လား...ဘကြီး"

"အေး...ဆုံးမှာပေါ့ကွယ်၊ မီးကလည်း မီးယပ်၊ ပြီးတော့လည်း အာဟာရ ကောင်းကောင်းမှ မမှီဝဲရတာပဲ"

"သြော်...သြော်"

"ဒါထက် မောင်အေးသွင်တစ်ယောက် ဘယ်မှာလဲကွယ့် သူငယ်မ ရဲ့"

မိမိမြသည် ဘာလုပ်၍ ဘာပြောရမည်ကို အတန်ကြာ စဉ်းစားပြီးမှ...

"ကျွန်မ ကလေးတွေနဲ့ တွေ့ချင်တယ် ဘကြီး"

"ကလေးတွေကတော့ ဘကြီးအိမ်မှာ ကျွေးမွေးထားလို့ သူငယ်မ တွေ့ချင်ရင်တော့ ဘကြီးအိမ်မှာပဲ တွေ့ရပါတယ်။ သူတို့က ဘယ်အရပ်၊ ဘယ်ဒေသကမှန်းလည်း မသိ။ ဆွေမရှိ မျိုးမရှိနဲ့၊ ဒီကလေးတွေကို ဘကြီး ကျွေးမွေးထားလို့ပေါ့ကွယ်။ သို့မဟုတ်ရင် သောင်ပြင်လွှတ်တဲ့ ခွေးတွေလို ကစဉ့်ကလျား ဖြစ်ကုန်ကြရောပေါ့"

mgyoe.com

mgyoe.com


"ခုလို ဘကြီးကျွေးမွေးထားတာ ကျေးဇူးတင်ပါတယ်။ ဘကြီး ကျေးဇူးကိုလည်း ဆပ်ပါ့မယ် ဘကြီးရယ်။ ကလေးတွေနဲ့ တွေ့ရအောင် ဘကြီးအိမ်က ဘယ်နားမှာလဲ"

"မဝေးပါဘူး၊ ရှေ့နားမှာပါကွယ်၊ သူငယ်မ တွေ့ချင်ရင် လိုက်ခဲ့လေ"

မိမိမြသည် ဘကြီးနှင့်အတူ ရှေ့မလှမ်းမကမ်းတွင်ရှိသော သေသပ်သည့် အိမ်ကလေးထဲသို့ လိုက်ပါဝင်ရောက်ခဲ့လေသည်။ မိမိမြသည် ဘကြီး ခင်းပေးသော သင်ဖြူးဖျာပေါ်တွင် အသာထိုင်ရင်း ကလေးများကို တွေ့ရနိုးနိုးနှင့် ဟိုဟိုဒီဒီ ကြည့်မိလေသည်။

"ပုံ့ပုံ့ရေ" ဘကြီးက ခေါ်လိုက်သဖြင့် "ရှင်... ဘဘကြီး၊ ပုံ့ပုံ့ လာပါပြီ"ဟူသော အသံနှင့် မရှေးမနှောင်း သုံးနှစ်သာသာ အင်္ကျီရှည်ကလေးနှင့် ချစ်စရာကောင်းသော ကလေးမကလေးသည် အိမ်ရှေ့သို့ ထွက်၍လာကာ ကလေးမကလေးသည် အိမ်ရှေ့သို့ ထွက်၍လာကာ ဘကြီးနှင့် မိမိမြတို့အား တစ်လှည့်စီ ကြည့်၍နေသဖြင့် "မောင်ရေချမ်းကော ဟင်"ဟု ဘကြီးက ပြန်၍ မေးလိုက်ရာ "အိမ်နောက်ဖေးမှာ ပုံ့ပုံ့နဲ့ ကစားနေပါတယ် ဘဘကြီး ရှိပါတယ်"ဟု ချစ်စဖွယ် အမူအရာဖြင့် ပြန်ပြောလေသည်။

"ဟော...ပုံ့ပုံ့နဲ့ မောင်ရေချမ်းကို ဟောဒီဒေါ်လေးက တွေ့ချင်လို့ တဲ့ကွယ်၊ မောင်လေးကို သွားခေါ်ခဲ့နော်"

"ပုံ့ပုံ့တို့ ဒေါ်လေးလား ဟင် ဘဘကြီး" ကလေးမက သူမ၏ ဘဘကြီးအား ဝမ်းသာအားရ မေးနေသဖြင့်...

"အေး...အေး...ပုံ့ပုံ့တို့ ဒေါ်လေးကွယ့်၊ သွားနော်... ပုံ့ပုံ့မောင်ကလေးပါ ဒေါ်လေးဆီကို ခေါ်လာခဲ့နော်"ဟု မိမိမြသည် ပြောလိုက်မိလေရာ ပုံ့ပုံ့သည် ဝမ်းသာအားရ ပြန်ဝင်သွားပြီးနောက် ခဏမျှကြာသောအခါ အခါ လည်သာသာ ချစ်စရာ ယောကျ်ားကလေးတစ်ယောက်ကို မနိုင့်တနိုင်နှင့် ပွေ့ယူကာ မိမိမြအနီးတွင် လာ၍ ချထားလိုက်လေသည်။

သန့်ပြန့်၍ ချစ်စရာကောင်းသော မောင်နှမကလေး နှစ်ယောက်အား ညှိုးငယ်သော အဝတ်အစားကလေးများနှင့် မအေဆုံးသွားသဖြင့်

mgyoe.com

mgyoe.com

သူတစ်ပါးအိမ်တွင် ဖြစ်တတ်သလို နေထိုင်ရသည်ကို မြင်သောအခါ မိမိမြသည် မျက်ရည်များ ဝိုင်းလည်၍မလာရန် မနည်းကြီး ကြိုးစား၍ အားခဲထားလိုက်ရလေသည်။

"ဒီကလေးတွေပဲ မောင်အေးသွင်ရဲ့ ကလေးတွေ သူငယ်မ" ဘကြီးက ပြောလေသည်။

မိမိမြသည် သနားစရာ မျက်နှာငယ်ကလေးများဖြင့် သူမအနီးတွင် ငြိမ်သက်စွာထိုင်ကာ သူမအား မော့၍ကြည့်နေကြသော မောင်နှမကလေးနှစ်ယောက်အား ပြန်၍ ကြည့်မိရင်း ရင်ထုမနာ ဖြစ်နေရလေသည်။ မိမိမြသည် အတန်ကြာ စဉ်းစားနေပြီးမှ...

"ဒီကလေးနှစ်ယောက်ကို ကျွန်မ ခေါ်သွားမယ် ဘကြီး၊ ဘကြီးကြည့်ရှုစောင့်ရှောက်ထားတဲ့ ကျေးဇူးအတွက် ငွေတစ်ရာရယ်၊ သူတို့အမေအတွက် ဆွမ်းကျွေးတရားနာဖို့က ငွေနှစ်ရာ စုစုပေါင်း ငွေသုံးရာ ကန်တော့ခဲ့ပါတယ်"

"သာဓုကွယ်... သာဓု... သာဓု" ဘကြီးသည် သွက်လက်လှပါသည်။

မိမိမြသည် ငွေသုံးရာပေးခဲ့ပြီးနောက် ကလေးနှစ်ယောက်နှင့်အတူ စကော့ဈေးဆီသို့ ကားနှင့် ထွက်ခဲ့လေတော့သည်။

[ ၄ ]

လသည် လင်းထိန်စွာ သာလျက်ပင် ရှိလေသည်။

လူသူကင်းရှင်းသော ကုက္ကိုင်းလမ်းမကြီးပေါ်ဝယ် အရောင်မှေးမှိန်နေသော လူတစ်ယောက် ခပ်မှန်မှန်ပင် လျှောက်၍ လာနေပါသည်။ သူ့ကိုကြည့်ရသည်မှာတော့လည်း များစွာ စိတ်ပျက်ဖွယ်ရာပင်ဖြစ်လေသည်။ သူ့ကိုကြည့်၍ စိတ်ပျက်နေသော လူများအား သူသည် များစွာ စိတ်ဝင်စားမည့်ပုံမရ...

ကုက္ကိုင်းလမ်းမကြီးတစ်လျှောက် အိမ်ကြီးအိမ်ကောင်းများမှာ စာတ်မီးများ လင်းထိန်ကာ ရေဒီယိုမှ သာယာသော ဂီတဖြင့် သူတို့ကိုယ်ကိုသူတို့

mgyoe.com